မိုးကျော်ရီချိုအနုပညာ
mgyoe.com


# ခင်နှင်းဦး

# အငြင်းပွားစရာ သမိုင်းပြဿနာများနှင့် တခြားဆောင်းပါးများ




mgyoe.com

ရှေးရာဇဝင်များ ဤသို့ဖြစ်ရခြင်း အကြောင်းရင်းများရှိကြကြောင်း အကြမ်းဖျင်း နားလည်ထားလျှင် သမိုင်းက ပြောသမျှ မယုံဘဲ စဉ်းစားချင့်ချိန်နိုင်ပါမည်။
မှန်နန်းရာဇဝင်သည် ဦးကုလားရာဇဝင်နောက် နှစ် ၁၀၀ နောက်ကျပြီး ရေးသည့် ရာဇဝင် ဖြစ်ပါသည်။
မှန်နန်းကို မြန်မာဘုရင်က ဖွဲ့ပေးသော ပညာရှင်အဖွဲ့က ရေးသားခဲ့ခြင်း ဖြစ်ပါသည်။
တာဝန်ယူရေးသားကြသော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့၏ လွတ်လပ်စွာ လေ့လာရေးသားနိုင်ခွင့် နည်းပါးမည်ကား အထူးပြောစရာ မလို။ သက်ဦးဆံပိုင် ပဒေသရာဇ်ခေတ်ပေကိုး။ တစ်ဆင့်ကြား ဒဏ္ဍာရီဆန်ဆန် ဟီးရိုးဇာတ်လမ်းများစွာ ပါဝင်လာခြင်းက ထိုခေတ်မင်းများ၊ ရေးသားမှတ်တမ်းတင်သူများ ဉာဏ်ကွန့်မြူးနိုင်ကြပုံကို ဖော်ပြပါသည်။ သို့သော် ဘုရင်၏ အရိပ်အောက်မှ သမီးတော်များကား မသက်သာကြ။ အထူးသဖြင့် မိဘက ထင်ရှားသူဖြစ်လျှင် မိဘ၏ ဇာတ်ဝင်ခန်း ပိုမိုခမ်းနားစေရန် သမီးတော်များ အဆစ်ပါတတ်ကြောင်း ရွှေအိမ်သည်ရောထွေးမှုက ပြသသွားပါသည်။




ISBN 9789997117977
HIS38
9 789997 117977
2,000.00KS

mgyoe.com

အငြင်းပွားစရာသမိုင်းပြဿနာများနှင့် တခြားဆောင်းပါးများ၊ ခင်နှင်းဦး
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၁၂၆ မျက်နှာ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# အငြင်းပွားစရာသမိုင်းပြဿနာများနှင့် တခြားဆောင်းပါးများ

ခင်နှင်းဦး

ပထမအကြိမ်၊ ၂၀၀၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ ရာဇကုမာရ်နှင့် ကျန်စစ်သား ၁
၂။ ဓမ္မစေတီခေါင်းလောင်းနှင့် ငဇင်ကာ ၅
၃။ နန်းစဉ်ငမောက်ပတ္တမြားနှင့် ကာနယ်စလေဒင် ၁၀
၄။ အရှင်မဟာကဿပနှင့် အရည်းကြီး ၁၅
၅။ လက်ဝဲနော်ရထာနှင့် လက်ဝဲသုန္ဒရ ၂၀
၆။ ရွှေအိမ်သည်နှင့် ရွှေအိမ်သည် ၂၄
၇။ နာဂသမန်းနှင့် တိမ်မြုပ်နေသော အန္တယ်တော်များ ၃၀
၈။ အနန္တသူရိယနှင့် မျက်ဖြေလက်ာ ၃၆
၉။ သမိန်ဗရမ်းနှင့် ဂါမဏိ ၄၂
၁၀။ အငြင်းပွားစရာ သမိုင်းပြဿနာများ ရေးရခြင်းအကြောင်း ၄၇
၁၁။ ဗုဒ္ဓမြတ်စွာဘုရားနှင့် နောက်ဆုံးဆွမ်းတော် ၅၂
၁၂။ ကဲ့ကော်ရနံ့ သင်းပျံ့နေဆဲ ၅၈
၁၃။ မြန်မာနှင့် စည်းကမ်း ၆၃
၁၄။ သမိုင်းသုတေသနက ပြောတဲ့ ပုဂံ၊ ကျန်စစ်သားနှင့် ရာဇကုမာရ် ၇၀
၁၅။ ကျန်စစ်သား ရာဇကုမာရ်နှင့် ကျိုးနေဆဲ သမိုင်းခေါက်ရိုး ၇၇
၁၆။ ဖုကုအိုက အာရှဝလေ့ဆုရ မြန်မာပညာရှင် နှစ်ဦး ၈၃
၁၇။ အတွင်းရန်နှင့် အပြင်ရန် ၉၁


mgyoe.com

mgyoe.com

၁၈။ သိပ္ပံပညာက မသိတဲ့ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး ၁၀၂
၁၉။ မြန်မာ့နိုင်ငံရေး နိုးကြားမှုအစ တို့ဗမာအစည်းအရုံးက ၁၁၂

■

mgyoe.com

mgyoe.com

## ရာဇကုမာရ်နှင့် ကျွန်စစ်သား

ဒီကနေ့ 'သမိုင်း' လို့ ခေါ်ဝေါ်ပြောဆိုနေကြတဲ့ ဘာသာရပ်ကို ရှေးတုန်းက ရာဇဝင်လို့ ရေးခဲ့ကြတာပါ။ ရာဇဝင်ဆိုတာ ရာဇဝံသ ဆိုတဲ့ ပါဠိစကားက ဆင်းသက်လာတာပါ။ မင်းဆက်မင်းနွယ်၊ မင်းတို့အကြောင်း လို့ အဓိပ္ပာယ်ရပါတယ်။

လက်ရှိ ကျွန်မတို့ရဲ့ မျက်မှောက်ခေတ်မှာတောင် အုပ်ချုပ်သူနဲ့ အုပ်ချုပ်ခံပြည်သူတွေကြားက တချို့အကြောင်းအရာတွေက အငြင်းပွား စရာပါ။ ဥပမာ ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့က တက္ကသိုလ် သမဂ္ဂ အဆောက်အအုံ ဖောက်ခွဲဖျက်ဆီးခံရတဲ့ကိစ္စဆိုရင် တော်လှန်ရေး ကောင်စီ အစိုးရနဲ့ ဒီအစိုးရရဲ့နေရာကို ပခုံးပြောင်း တာဝန်ယူ အုပ်ချုပ်ခဲ့တဲ့ တပ်မ တော်အစိုးရ အဆက်ဆက် လက်ထက် ဘာကြောင့် ဖောက်ခွဲခဲ့တယ်၊ ဘယ်သူက ဖောက်ခွဲဖို့ အမိန့်ပေးတယ်၊ ဘယ်သူတွေက လက်တွေ့ဖောက် ခွဲတယ် ဆိုတဲ့ တိကျတဲ့ ပြောဆို ဝန်ခံမှု မရှိပါဘူး။

ဒီအချိန်က တော်လှန်ရေးကောင်စီအစိုးရထဲမှာ ပါဝင်ခဲ့သူတွေ၊ တစ်ဦးကို တစ်ဦး လွှဲချနေတာကိုပဲ နားထောင်ရ၊ ဖတ်ရတာပါ။ ရေးသား သူတွေကလည်း ကိုယ့်ထင်မြင်ယူဆချက်နဲ့ ကိုယ်ရေးသားကြပါတယ်။

ဒါက အားလုံး လက်လှမ်းမီနေသေးတဲ့ ပစ္စုပ္ပန်ကာလမှာတောင် နိုင်ငံသမိုင်း တစ်ခုကို ယတိပြတ် ပြောဆိုရေးသားနိုင်ခြင်း မရှိတာမို့ လွန်ခဲ့

mgyoe.com

mgyoe.com


တဲ့ နှစ်ပေါင်း ရာထောင်ချီတဲ့ကာလက ရေးသားခဲ့ကြတဲ့ ရာဇဝင်ပါ အကြောင်းအချက်တွေဟာ ဘယ်ဘက်က တိကျမှန်ကန်ပြီး ဘယ်လောက် ယုံကြည်စိတ်ချရတယ်ဆိုတာ ပြောဖို့ ခက်ပါတယ်။

ဒါကြောင့် သမိုင်းဆရာတွေနဲ့ တခြား ပညာရှင်တွေက သုတေသနတွေ လုပ်ပြီး ရှေးက ရေးခဲ့တဲ့ ရာဇဝင်ကို ပြန်ဆန်းစစ်ကြတာပါ။ ကျွန်မတို့ မြန်မာတွေ ယေဘုယျ သိထားတဲ့ ရာဇဝင်ကြောင်းတွေက ပညာရှင်တွေ သုတေသနလုပ်ပြီး တွေ့ရှိချက်တွေနဲ့ ကွဲလွဲနေပြီဆိုရင် ရှေးရိုးစွဲတွေနဲ့ နောက်ထပ်တွေ့တဲ့ သုတေသနကို လက်ခံသူတွေကြား ဝိရောဓိ ဖြစ်တော့တာပါပဲ။

လတ်တလော နိဂုံးချုပ်သွားတဲ့ ဓမ္မစေတီ ခေါင်းလောင်းဆယ်ယူမှုကို အကြောင်းပြုပြီး ရှေးရာဇဝင်တွေထဲက အချက်အလက်တွေ မှားနေရင်၊ မခိုင်လုံရင် သုတေသီပညာရှင်တွေသာမကဘဲ သာမန်ပြည်သူတွေလည်း ကျယ်ကျယ်ပြန့်ပြန့် သိဖို့လိုတယ် ဆိုတဲ့ အတွေး ဝင်လာပါတယ်။

ကျောင်းသင်ရိုးတွေမှာ သင်ရိုးသင်စဉ် သင်ကြားပေးနေတဲ့ ရာဇဝင်ကို သုတေသနလုပ်လို့ နောက်ထပ် တွေ့ရှိလာတဲ့ ကွဲလွဲချက်တွေကိုပါ ထည့်သင်ပေးသင့်တယ် ဆိုတဲ့ အတွေးလည်း ဝင်လာပါတယ်။

ဒီကနေ့ နည်းပညာခေတ်၊ ဒီမိုကရေစီခေတ်လို့ ပြောနေကြတဲ့ ကာလမှာတောင် ဖြစ်ရပ်မှန်တွေကို ဖုံးကွယ်ဖို့ ကြိုးစားကြသေးတော့ ရှေးမင်းတွေရဲ့ ရာဇဝင်ကို ရေးသားရတဲ့ကာလ သက်ဦးဆံပိုင်ဘုရင်ခေတ်မှာ ရေးခဲ့တဲ့ ရာဇဝင်ထဲမှာ အမှားတွေ ပါနေမှာ မုချပဲ။

မြန်မာ အများစုက ကျန်စစ်သားနဲ့ ရာဇကုမာရ်ကို သားအဖလို့ သတ်မှတ်ကြပါတယ်။ ကျန်စစ်သားက သားတော် ရာဇကုမာရ်ကို ထီးနန်းမလွှဲဘဲ မြေးတော် အလောင်းစည်သူကို ထီးနန်းအရိုက်အရာ လွှဲပေးတယ်။ ဒါကို သဘောထားကြီးပြီး ကျေးဇူးသိတတ်တဲ့ ရာဇကုမာရ်က စိတ်မကွက်ဘဲ ခမည်းတော် ကျန်စစ်သားမင်းကြီး သေအံ့မူးမူးဖြစ်ချိန်မှာ ရွှေဆင်းတုကို ခမည်းတော် ရေစက်သွန်းချ လှူနိုင်အောင် ပြုလုပ်ပေးပြီး ဖခမည်းတော်ကို ကျေးဇူးဆပ်တယ်လို့ မြန်မာတွေ လက်ခံခဲ့ကြပါတယ်။ ရာဇဝင်တွေကလည်း ဒီလိုပဲ ရေးသားကြတာကိုး။

mgyoe.com

mgyoe.com


ကျန်စစ်သားနဲ့ ရာဇကုမာရ်ဇာတ်လမ်းကို ရေးခဲ့တာ မြန်မာသက္ကရာဇ် ၁၇၂၉ (ဦးကုလား မဟာရာဇဝင်)၊ ၁၈၂၉ (မှန်နန်းရာဇဝင်)။ ရာဇ ကုမာရ် ကျောက်စာ (မြစေတီကျောက်စာ) ကို ရေးထိုးတဲ့ ခုနှစ်က ၁၁၁၃။

၁၇၂၉ နဲ့ ၁၈၂၉ မှာ ရေးတဲ့ ရာဇဝင်တွေက ကိုးကားစရာ ကျောက်စာ (ရာဇကုမာရ်ကျောက်စာ ၁၁၁၃) ရှိနေပါလျက်နဲ့ ဘာ့ကြောင့် ဒီဇာတ်လမ်းကို မတို့ထိရဲတာလဲလို့ သမိုင်းပါမောက္ခ ဦးနီတွတ်က 'ပုဂံ နန်းတွင်းရေးနဲ့ ရာဇကုမာရ်' စာအုပ်မှာ ထောက်ပြထားပါတယ်။

၁၈၈၆ ခုနှစ်လောက်ကစပြီး သမိုင်းပညာရှင်တွေ၊ ရှေးဟောင်းသုတေသနပညာရှင်တွေက ရာဇကုမာရ်ကျောက်စာကို အနက်ဖွင့်ပြန်ဆို လေ့လာတာတွေ လုပ်ခဲ့ကြပါတယ်။ ၁၉၆၆ မှာ ပါဠိပညာရှင် ဦးတင့်လွင်က 'ရာဇကုမာရ်ကျောက်စာနိဒါန်း'၊ ၁၉၆၈ မှာ 'ရာဇကုမာရ်ပါဠိကျောက်စာ လေ့လာချက်' တို့ကို ရေးသားခဲ့ပါတယ်။

၁၉၇၀ ပြည့်နှစ်မှာတော့ ပါဠိလက်ထောက် ကထိက ဦးကျော်ရှိန်က 'ရာဇကုမာရ်ပြဿနာ' ကို ရေးသားခဲ့ပါတယ်။ ၁၉၆၆ မှာ ပါဠိပညာရှင် ဦးတင့်လွင်က 'ရာဇကုမာရ် ပါဠိ ကျောက်စာ လေ့လာချက်' နဲ့ ၁၉၆၈ မှာ ရာဇကုမာရ်ကျောက်စာ နိဒါန်းတို့ကို ရေးသားခဲ့ပါတယ်။

၁၉၇၀ ပြည့်နှစ်မှာ ပါဠိလက်ထောက် ကထိက ဦးကျော်ရှိန်က 'ရာဇကုမာရ် ပြဿနာ' ကို ရေးသားခဲ့ပါတယ်။ ရာဇကုမာရ် ကျောက်စာကို ပျူ၊ မွန်၊ မြန်မာ၊ ပါဠိ (၄) ဘာသာနဲ့ ရေးသားထားကို ပညာရှင်တွေက အသေးစိတ် လေ့လာပြီး ကျန်စစ်သားနဲ့ ရာဇကုမာရ်ဟာ သားအဖ မတော်ဘူး။ ဘုရင်နဲ့ အမတ်သာ ဖြစ်တယ်လို့ ကောက်ချက်ချကြတာပါ။

၂၀၀၃ မှာ မောင်ဖေငယ်က 'သမိုင်းနှင့် ဝိရောဓိဖြစ်ခြင်း' ဆိုတဲ့ စာအုပ်ကို ရေးသားပြီး ရာဇကုမာရ်ဟာ ကျန်စစ်သားမင်းကြီးရဲ့ အမတ်သာ ဖြစ်ကြောင်း ရေးသားခဲ့ပါတယ်။ ကျွန်မတို့ သိရှိးသိစဉ် သိထားတဲ့ ကျန်စစ်သားက မွန်-မြန်မာ ချစ်ကြည်ရေးအတွက် သားတော် ရာဇကုမာရ်ကို နန်းမပေးဘဲ မြေးတော် အလောင်းစည်သူကို ထီးနန်းလွှဲခဲ့တယ်။ သမီးတော် ရွှေအိမ်စည်ကို မနူဟာမင်း၏ မြစ်တော် နာဂသမန်းနဲ့ လက်ဆက်ပေးခဲ့တယ်။ အလောင်းစည်သူဟာ ရွှေအိမ်သည်ရဲ့ သားတော် ဖြစ်တယ် ဆိုတဲ့ ရေးသားချက်များလည်း ရှိခဲ့ပါတယ်။

mgyoe.com

mgyoe.com


မောင်ဖေငယ်က စောလူး၏သားတော် စောယွန်းနှင့် လက်ဆက်ရသည့် ရွှေအိမ်သည်က ကျန်စစ်သား၏ သမီးတော်ဖြစ်ပြီး နာဂသမန်းနှင့် လက်ဆက်ရသည့် ရွှေအိမ်သည်က နရပတိစည်သူ၏ သမီးတော် ဖြစ်ကြောင်း ရှင်းပြခဲ့ပါတယ်။

ဒေါက်တာသန်းထွန်းကလည်း သက္ကရာဇ်များကို စဉ်ပြပြီး ကျန်စစ်သားထံ ရာဇကုမာရ် ရောက်လာချိန်က အလောင်းစည်သူ မမွေးဖွားသေးကြောင်း ထောက်ပြခဲ့ပါတယ်။

ဆရာဦးနီတွတ်က ရာဂျ်ကူးမားဆိုတဲ့ မူရင်း မဇ္ဈိမဘာသာစကားကို မြန်မာသံနဲ့ ရာဇကုမာရ် ဖြစ်လာကြောင်း ရှင်းပြထားပါတယ်။

မောင်ဖေငယ်ကလည်း ကျန်စစ်သားမင်းဟာ ဝေသာလီမင်းသမီးက အဖေမပေါ်ဘဲ မွေးတဲ့သား ဖြစ်ကြောင်း သက်သေသက္ကာယနဲ့ ထောက်ပြထားပါတယ်။

နှစ်ပေါင်းများစွာ ကျန်စစ်သားနဲ့ ကျေးဇူးသိတတ်တဲ့ သားတော် ရာဇကုမာရ်ဇာတ်လမ်းကလေးဟာ သမိုင်းသုတေသနတွေကြောင့် မူလဇာတ်ပျက်သွားတော့ လက်မခံနိုင်သူတွေ ပေါ်လာပါတယ်။ ဒါသဘာဝပါပဲ။

ဆရာမောင်ခင်မင် (ဓနုဖြူ) က 'ချစ်သူများကို အဆုံးစီရင်ခြင်း' ဆိုတဲ့ ခေါင်းစဉ်နဲ့ ရာဇကုမာရ်က ကျန်စစ်သားရဲ့သား မဟုတ်ကြောင်း ရေးသားတာကို နာကြတဲ့၊ လက်မခံနိုင်တဲ့သူတွေ ပေါ်လာပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ရေးခဲ့တဲ့ သမိုင်းတွေကို ဆန်းစစ်တဲ့ မျက်လုံးနဲ့ ကြည့်ရမှာက ဒီနေ့ခေတ်က လူတွေရဲ့ တာဝန်ပါ။

*ဒီလှိုင်းဂျာနယ်၊* တွဲ ၃၊ အမှတ် ၄၀
(၁၃-၁၀-၂၀၁၄)

■

mgyoe.com

mgyoe.com

## ဓမ္မစေတီခေါင်းလောင်းနှင့် ဇဝင်ကာ

လူမျိုးတိုင်းတွင် ဝိသေသ လက္ခဏာများ ရှိကြပါသည်။ သို့သော် ထိုဝိသေသ လက္ခဏာများကို လူမျိုးတစ်မျိုးလုံးတွင် တွေ့ရမည် မဟုတ်ဘဲ ထိုလူမျိုးနှင့် ပတ်သက်၍ လူများစုတွင် တွေ့ရမည့် ယေဘုယျ လက္ခဏာသာ ဖြစ်ပါသည်။

မြန်မာများ၏ ဝိသေသ (ဂုဏ်အထူး) များတွင် ယုံလွယ်ခြင်းလည်း ပါဝင်ပါသည်။ ယုံလွယ်သူများတွင် ယုံလွယ်ခြင်း အကြောင်းနှစ်ရပ်ကို တွေ့ရလေ့ ရှိပါသည်။ ပထမအချက်မှာ မိမိကိုယ်တိုင်က ရိုးသားသောကြောင့်၊ သူတစ်ပါးကို လှည့်စားလိမ်ညာမှု ကင်းသောကြောင့် တစ်ပါးသူကိုလည်း မိမိနှင့် ထပ်တူထားလျက် ယုံလွယ်ခြင်း ဖြစ်သည်။ ဒုတိယအချက်ကား အကြောင်းကိစ္စ တစ်ခုကို ဖြစ်နိုင်၏၊ မဖြစ်နိုင်၏ မစဉ်းစားဘဲ စိတ်ခံစားချက်အရ ဘက်လိုက်လေ့ ရှိသောကြောင့် ယုံလွယ်ခြင်း ဖြစ်ပါသည်။

ထိုအချက်နှစ်ချက်ကြောင့် ဦးစံလင်းတို့အဖွဲ့ ဓမ္မစေတီ ခေါင်းလောင်းကို ဆယ်ယူခြင်း ကိစ္စအပေါ် မြန်မာအများစု ယုံကြည်စိတ်ဝင်စားကြခြင်း ဖြစ်ပါသည်။ သတိရှိသူများ၊ မဖြစ်နိုင်ကြောင်း တွက်ဆတတ်သူများက ဂျာနယ်များတွင် ဓမ္မစေတီ ခေါင်းလောင်း ဆယ်ယူခြင်းနှင့် ပတ်

mgyoe.com

mgyoe.com


သက်၍ သတိပေး ရေးသားကြပါသည်။ သို့သော် မြန်မာပြည်သူ အများစုက မစားရ ဝခမန်းသာမက ထူးဆန်းထွေလာ နဂါးသိုက်တွေ၊ နဂါးတွေကို ပါ ဆွဲထည့် ပြောကြားလာသည့် ဦးစံလင်း၏ သတင်းထုတ်ပြန်ရေး အဖွဲ့ မှ ထုတ်ပြန်သည် ဆိုသော သတင်းများကို ယုံကြည်လက်ခံကြပါသည်။

အားလုံး သိကြသည့်အတိုင်း ဓမ္မစေတီခေါင်းလောင်းနှင့် ပတ်သက်လာလျှင် မြန်မာတို့ လက်ညှိုးထိုးသည့် တရားခံကား ဇေင်ကာခေါ် ဒီဘရစ်တို ဖြစ်သည်။ ဇေင်ကာခေါ် ဒီဘရစ်တိုကို မြန်မာတို့က ပေါ်တူဂီလူမျိုး၊ သန်လျင်မြို့စားဟု သိထားကြပါသည်။ နတ်သျှင်နောင်သည် ဇေင်ကာနှင့် လူပေါင်းမှား၍ ပျက်စီးရသည်ဟု မြန်မာရာဇဝင်က ရေးသည်။ နတ်သျှင်နောင်နောက်ဆုံး ပေါင်းသင်းအားထားခဲ့ရသူက သန်လျင်မြို့စား ဇေင်ကာ ဖြစ်သည်။ ဤကား မြန်မာတို့ သိထားသည့် ဓမ္မစေတီခေါင်းလောင်းနှင့် ဇေင်ကာအကြောင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် နိုင်ငံတကာက လေးစားလက်ခံသည့် သမိုင်းပညာရှင် ရှားပါးပါသည်။ ထိုရှားပါးသမိုင်းပညာရှင်များထဲတွင် ဆရာကြီး ဒေါက်တာသန်းထွန်းနှင့် ဆရာမကြီး ဒေါ်ကြန်တို့ ပါဝင်ကြ၏။

ဆရာမကြီး ဒေါ်ကြန်က 'ဇေင်ကာနှင့် ဇအင်ဂါ' ဟူသော သမိုင်းသုတေသန ဆောင်းပါးတစ်ပုဒ်ကို ရေးခဲ့သည်။ ထိုဆောင်းပါးကို ၂၀၀၂၊ ဧပြီလထုတ် ဂန္ထဝင်ရသစုံမဂ္ဂဇင်းတွင် ပထမ ဖော်ပြခဲ့ပြီး နောက်ပိုင်းတွင် 'သမိုင်းဟူသည်နှင့် အခြား စာတမ်းများ' စာအုပ်၌ ထပ်မံဖော်ပြခဲ့ပါသည်။

ဆရာမကြီး ဒေါ်ကြန် ကိုးကားခဲ့သော သမိုင်းစာအုပ်များမှာ–

(၁) ပေါ်တူဂီရာဇဝင် (၁၉၁၈ တွင် ရန်ကုန်မြို့၊ သူရိယ ပုံနှိပ်တိုက်က ထုတ်ဝေသည်)

(၂) ပဂေါနိုင်ငံအကြောင်း အကျဉ်းဖော်ပြချက်၊ (၁၆၁၇ ခုနှစ်က စပိန်ဘာသာဖြင့် ရေးသားထားသည်ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပြီး ၁၉၂၆ ခုနှစ်တွင် မြန်မာနိုင်ငံ သုတေသနအသင်း ဂျာနယ်၌ ပြန်လည်ဖော်ပြထားသည်)

(၃) အာရှရောက် ပေါ်တူဂီများ (၁၆၆၆ တွင် မင်နူရဲလ်ဖာရီယာဒီဇူဇာက ရေးပြီး နောက်ပိုင်းတွင် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထားသည်)

mgyoe.com

mgyoe.com


(၄) မြန်မာရာဇဝင် (၁၈၈၃ တွင် အာသာဖယ်ရာ ရေးသည်)
(၅) မြန်မာရာဇဝင် (၁၉၂၅ တွင် ဟာဗေး ရေးသည်)
(၆) သန်လျင်ရာဇဝင် (၁၉၁၅ ခုနှစ်ထုတ် မြန်မာနိုင်ငံ သုတေသန အသင်းဂျာနယ်)
(၇) ဇေင်ကာနှင့် သီတာစာတမ်း (ရေးသူ ဒေါက်တာသန်းထွန်း)
(၈) အခြား မြန်မာရာဇဝင်ကျမ်းနှင့် ရခိုင်ရာဇဝင်ကျမ်းများ

အထက်ဖော်ပြပါ များပြားလှသော ကျမ်းများတွင် ရေးသားထားသည့် ဇေင်ကာ၊ ဖွင်ကာကူ၊ ဒီဇူဇာ၊ ဒီဘရစ်တို၊ ငအင်ဂါတို့၏ အကြောင်းများ၊ ရခိုင်၊ မြန်မာမင်းနှင့် မွန်တို့အကြား ဖြစ်ပွားခဲ့သည့် ရာဇဝင်အကြောင်းများနှင့် သန်လျင်မြို့တည်ပုံ အချက် သုံးချက်နှင့် ပတ်သက်သည့် ကွဲလွဲချက်များကို ဆရာမကြီး ဒေါ်ကြန်က ထောက်ပြပါသည်။

ဆရာမကြီး ဒေါ်ကြန်က သမိုင်း အထောက်အထားများကို တိုက်ဆိုင်စစ်ဆေးလိုက်သောအခါ ၁၉၁၈ ပေါ်တူဂီ ရာဇဝင်အရ ဇေင်ကာသည် ဖွင်ကာကူကို မြန်မာတို့ခေါ်သည့် နာမည် ဖြစ်သည်။ ဒီဘရစ်တို မဟုတ်ဟု အဖြေထွက်လာသည်။

ဒေါက်တာသန်းထွန်း ရေးသားသည့် 'ဇေင်ကာနှင့် သီတာ' စာတမ်းတွင် ကိုးကားထားသော မူလပေါ်တူဂီရာဇဝင်အရ ဂိုဝါဘုရင်က စစ်သည် ရဲမက်၊ ရိက္ခာ၊ လက်နက်အပြည့်အစုံနှင့် ဗိုလ်မှူး ဒီဘရစ်တိုကို ၁၅၇၀ တွင် ရခိုင်ကို တိုက်ခိုင်းသည်။ ဒီဘရစ်တို စစ်ရှုံးသည်။ ဒီဘရစ်တို ကွပ်မျက်ခံရသည် (သို့မဟုတ်) မိမိကိုယ်မိမိ သတ်သေသည်။ ထိုရာဇဝင်အရ ၁၅၇၀ ၌ပင် ဒီဘရစ်တို သေခဲ့ပြီ။

ရာဇဝင် အထောက်အထားများအရ သန်လျင်ကို တည်ထောင်သူ၊ တည်ထောင်သည့် ခုနှစ်၊ တည်ထောင်ခွင့်ရပုံရနည်း ကွဲလွဲမှုများကို ဆရာမကြီး ဒေါ်ကြန်က ရေးပြထားသည်။ ပဲခူးမင်း ခွင့်ပြုချက်အရ ၁၆၀၆ ခုနှစ်တွင် ဖွင်ကာကူ တည်သည်။ ရခိုင်မင်း ခွင့်ပြုချက်အရ ၁၆၀၁ ခုနှစ်တွင် ဒီဇူဇာ တည်သည်။ ၁၆၀၀ ခုနှစ်တွင် ရခိုင်မင်း၏ အမှုထမ်း ဒီဘရစ်တိုက တည်သည်။ ၁၆၁၂ တွင် အနောက်ဖက်လွန်မင်း၏ ခွင့်ပြုချက်အရ ဇေင်ကာ တည်သည် စသဖြင့် ကွဲလွဲနေ၏။

mgyoe.com

mgyoe.com


ထို့ကြောင့် ဇေင်ကာ၊ ဇွင်ကာကူနှင့် ဒီဘရစ်တို တစ်ဦးတည်းဆို လျှင်ပင် တချို့ ရာဇဝင်က ဒီဇူဇာ တည်သည်ဟု ဆိုထားသည်။ တခြား ကွဲလွဲနေသည့် အချက်များကိုလည်း ဆရာမကြီး ဒေါ်ကြန်က ထောက်ပြ ထားသည်။

ဥပမာ ဒီဘရစ်တို (ခေါ်) ဇေင်ကာနှင့် နတ်သျှင်နောင်ကို အနောက် ဖက်လွန်မင်းက ကွပ်မျက်သည်ဟု မြန်မာတို့ သိထား၊ လက်ခံထားကြ သည်။ မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ် ၁၉၁၅ တွင် ဖော်ပြထား သည့် 'သန်လျင်ရာဇဝင်' အရ အနောက်ဖက်လွန်မင်းထံမှ ဇေင်ကာ မြို့ တည်ခွင့်တောင်းသည့်နှစ်က ၁၆၁၂ ဖြစ်ပြီး အနောက်ဖက်လွန်မင်းက ပြည် မြို့ကို သိမ်းပိုက်သည့်နှစ်မှာ ၁၆၀၇ ဖြစ်သည်။ တွင်းသင်းရာဇဝင်တွင် ဖော်ပြထားသည်မှာ သန်လျင်ကျသည့် ၁၆၁၂ တွင် ဇေင်ကာ ကွပ်မျက်ခံရ ပြီ ဖြစ်ပါသည်။

ထို့ပြင် ရခိုင်ရာဇဝင်ကျမ်းများအရ ရခိုင်မင်းရာဇာကြီးနှင့် တောင်ငူ မင်းပေါင်းပြီး ပဲခူး (မွန်) ကို တိုက်သောအခါ မင်းရာဇာကြီး၏ သား အေင်ဂါကို သန်လျင်တွင် အခိုင်အလုံ နေစေသည်။ အေင်ဂါသည် ရခိုင် ဘုရင်မင်းရာဇာကြီးနှင့် ကုလားမင်းသမီး ပဲသီဒါတို့က မွေးဖွားသည့် ရခိုင် မင်း၏ သားတော် ဖြစ်သည်။ ပဲသီဒါကား မင်းရာဇာကြီး ဘင်္ဂါ ၁၂ မြို့ကို စစ်နိုင်စဉ်က ဆက်သခံခဲ့ရသည့် မင်းသမီး ဖြစ်သည်။

အေင်ဂါသည် နောင်တွင် သန်လျင်စား ဖြစ်လာသည်။ အေင်ဂါက ရခိုင်အိမ်ရှေ့မင်းသားကို ဖမ်းဆီးပုံ၊ ပြန်လွှတ်ပုံနှင့် တွင်းသင်းရာဇဝင်တွင် ဖော်ပြထားသည့် ဇေင်ကာက ရခိုင်အိမ်ရှေ့မင်းသားကို ဖမ်းဆီးပုံ၊ ပြန် လွှတ်ပုံများက သံတူကြောင်းကွဲ ဖြစ်နေသည်။

ရာဇဝင်စာအုပ်များပေါ်က သက္ကရာဇ်များအရ သန်လျင်ကို ၁၆၀၀ တွင် တည်ခဲ့သည်ဟု ယူဆပါက ထိုအချိန်တွင် အေင်ဂါ အသက် ၈၂ နှစ်ရှိလေပြီ။ ရခိုင်အိမ်ရှေ့မင်းသားကို ဖမ်းသည့်နှစ်တွင် အေင်ဂါ ၈၅ နှစ် ရှိလေပြီ။ သို့မဟုတ် အေင်ဂါကို ၁၅၃၆ ခုနှစ်ဖွားဟု ယူဆပါက ၆၄ နှစ်ရှိပြီ ဖြစ်၏။

ထို့ကြောင့် ရခိုင်ရာဇဝင်နှင့် မြန်မာရာဇဝင်တွင် ရခိုင်က အေင်ဂါ ဖြစ်နေပြီး မြန်မာက ဇေင်ကာ ဖြစ်နေသည်။ ဇေင်ကာနှင့် အေင်ဂါသည်

mgyoe.com

mgyoe.com


တစ်ယောက်တည်းလား။ တစ်ယောက်စီလား။ ဇေင်ကာသည် ဒီဘရစ်တို လား။ စာရှုသူတို့ ဆရာမကြီး ဒေါ်ကြန်၏ ဆောင်းပါးကို ဖတ်ရှုကြည့်ပြီး ကိုယ်တိုင် ဆုံးဖြတ်နိုင်ပါသည်။

သို့ဖြစ်ပါက ဓမ္မစေတီ ခေါင်းလောင်းကို ဖြုတ်ယူသူအဖြစ် မည်သူ့ကို တရားခံ တပ်ကြလေမည်နည်း။ အမှန်တကယ်ပင် ဓမ္မစေတီ ခေါင်းလောင်း မြစ်ထဲ ပြုတ်ကျခဲ့ပါသလား၊ တွေးစရာ များက များပါဘိ။

*ဒီလှိုင်းဂျာနယ်*၊ တွဲ ၃၊ အမှတ် ၄၁
(၂၀-၁၀-၂၀၁၄)

■

mgyoe.com

mgyoe.com

## နန်းစဉ်ငမောက်ပတ္တမြားနှင့် ကာနယ်စလေဒင်

နိုင်ငံတိုင်း၏ ရှေးရာဇဝင်များတွင် ဒဏ္ဍာရီပုံပြင်များ ရောနှောပါဝင်သည်ဟု ဆိုရိုးရှိပါသည်။ မြန်မာရာဇဝင်တွင် ဒဏ္ဍာရီ ပုံပြင်အလား ဆန်းကြယ်သော အကြောင်းများအနက် နန်းစဉ် ငမောက်ပတ္တမြားကြီးလည်း ပါဝင်ပါသည်။

မိုးကုတ်သို့သွားလျှင် မိုးကုတ်မရောက်မီ ကျပ်ပြင်သို့ ဦးစွာ ရောက်ပါသည်။ ကျပ်ပြင်တွင် မြင့်မားလှသော ဒေါ်နန်းကြည်တောင် (တချို့က လည်း ဒေါ်နန်းကြည့်တောင်ဟု ခေါ်သည်) ကို တွေ့မြင်နိုင်ပါသည်။ ဒေါ်နန်းကြည့်တောင် ဒဏ္ဍာရီသည် ငမောက်ပတ္တမြားနှင့် ဆက်စပ်နေပါသည်။

မိုးကုတ်ကျပ်ပြင်ရပ်တွင် ရှေးအခါက ငမောက်ဆိုသူသည် ရတီ ၉၀ ခန့်ရှိသော ပတ္တမြားကြီးကို ရရှိခဲ့သည်။ ပတ္တမြားကို ထက်ခြမ်းခွဲလျက် တစ်ခြမ်းကို မြန်မာဘုရင်ထံ ဆက်သပြီး နောက်တစ်ခြမ်းကို တရုတ်ပြည်ကို ရောင်းလိုက်သည်။ မြန်မာဘုရင်က ငမောက်ပတ္တမြားကို အထူး နှစ်သက်တော်မူသည်။ ငမောက် ကံဆိုးချင်တော့ တရုတ်ပြည်သို့ ရောင်းလိုက်သော ပတ္တမြားတစ်ခြမ်းက မြန်မာဘုရင်လက်ထဲ ပြန်ရောက်လာသည်။

မြန်မာဘုရင်က ငမောက် ဆက်သထားသော ပတ္တမြားနှင့် နောက်ထပ်ရသည့် ပတ္တမြားကို ဆက်စပ်ကြည့်လိုက်ရာ ပတ္တမြားတစ်လုံးတည်း

mgyoe.com

mgyoe.com


ဖြစ်ကြောင်း သိရှိသွားသည်။ စိတ်ဆိုးဒေါသထွက်သော ဘုရင်က ငမောက်နှင့်တကွ သားမယား ဆွေမျိုးအားလုံးကို မီးလောင်တိုက်သွင်း၍ သတ်စေသည်။

ငမောက်၏အစ်မ ဒေါ်နန်း တစ်ယောက်သာ ထွက်ပြေး လွတ်မြောက်သွားသည်။ ဒေါ်နန်းသည် ရောက်ရှိပုန်းခိုနေသော တောင်ပေါ်မှနေ၍ ငမောက်တို့ မီးလောင်တိုက်သွင်းပြီး အသတ်ခံရသည်ကို ကြည့်ရင်း စိတ်နာလှ၍ သူ ရောက်ရှိနေသော တောင်မှ ပတ္တမြား မထွက်ပါစေနှင့်ဟု ကျိန်စာတိုက်ခဲ့သည် ဆို၏။ သည်ကစ၍ ထိုတောင်ကို ဒေါ်နန်းကြည့်တောင်ဟု ခေါ်ပြီး ကာလရွေ့လျားကာ ယနေ့ ဒေါ်နန်းကြည်တောင်ဟု ခေါ်ဝေါ်နေကြသည်။ မည်သို့ဆိုစေ ဒေါ်နန်းကြည့်တောင်မှ ပတ္တမြား လုံးဝ မထွက်ချေ။

ငမောက်ပတ္တမြားကို မြန်မာဘုရင်အဆက်ဆက်က နန်းစဉ်ပတ္တမြားအဖြစ် ထိန်းသိမ်းလာကြသည်။ ငမောက်ပတ္တမြား ဇာတ်လိုက်ကျော်ကြီး ဖြစ်ခဲ့ရသည်မှာ မင်းတုန်းမင်းကြီးလက်ထက်တွင် ဖြစ်ပါသည်။

မင်းတုန်းမင်းကြီးလက်ထက်တွင် နယ်ချဲ့အရင်းရှင်များက အထက်မြန်မာနိုင်ငံကိုလည်း မျက်စောင်းထိုးနေကြပြီ ဖြစ်၏။ မင်းတုန်းမင်းကြီး ထံလာသော သံအဖွဲ့ကို ယောမင်းကြီး ဦးဘိုးလှိုင် ပညာပြခန်းတွင် အဓိက ဇာတ်လိုက်က ပတ္တမြားငမောက် ဖြစ်သည်။

သံအဖွဲ့ကို ယောမင်းကြီး ဦးဘိုးလှိုင်က ငမောက်ပတ္တမြားကို ထုတ်ပြသည်။ ငမောက်ပတ္တမြားပေါ်သို့ ဝါဂွမ်း ခုနစ်ပိဿာ ဖုံးအုပ်လိုက်သည့်တိုင် ပတ္တမြားကြီးမှ ထွက်လာသော အလင်းရောင်က ဝါဂွမ်းထုကို ဖောက်လျက် တစ်ခန်းလုံး လင်းစေသည်ဟု ဆို၏။ ငမောက် ပတ္တမြား တစ်လုံး၏ တန်ဖိုးကိုပင် မဖြတ်နိုင်သော သံအဖွဲ့များအား မြန်မာပြည်၏ တန်ဖိုးကို အဘယ်သို့ ဖြတ်နိုင်ပါမည်နည်းဟု ယောမင်းကြီးက ဆိုသည်ဟူ၏။

ဤသို့ မြန်မာရာဇဝင်တွင် ပြောင်မြောက်လှသော ငမောက်ပတ္တမြားကြီးသည် သီပေါမင်း နန်းကျပြီး မဒရပ်သို့ ပါတော်မူခြင်းနှင့်အတူ ထူးဆန်းစွာ ပျောက်ကွယ်သွားခဲ့သည်။ သီပေါမင်း နန်းကျသောအခါ အင်္ဂလိပ် စစ်ဗိုလ်ချုပ်၏ ကိုယ်စားလှယ် ကာနယ်စလေဒင်ထံ နန်းစဉ်ရတနာများကို စာရင်းနှင့်တကွ အပ်ရသည် ဆို၏။

mgyoe.com

mgyoe.com


သို့သော် အိန္ဒိယနိုင်ငံဆိုင်ရာ ဘုရင်ခံချုပ်က အင်္ဂလန်ရှိ အိန္ဒိယနိုင်ငံဆိုင်ရာ အတွင်းဝန်ထံ ပေးပို့သော ရတနာစာရင်းတွင် ငမောက်ပတ္တမြားကြီး မပါတော့ပေ။ ဤတွင် ငမောက်ပတ္တမြားကို ကာနယ်စလေဒင်က ဖြတ်ယူလိုက်သည်။ သီပေါဘုရင်က အိန္ဒိယသို့ ယူဆောင်သွားသည် စသဖြင့် ဝိဝါဒကွဲများ ပေါ်ထွက်လာတော့သည်။

အေတီကျူစတီးဝပ် (A.T.Q Stewart) ရေးသားသည့် 'ပုံပြင်များ တိုက်ပွဲ' (The Pagoda War) စာအုပ်တွင် သီပေါမင်းနှင့် စုဖုရားလတ်ကို သဘော်နှင့် မခေါ်ဆောင်မီ နောက်ဆုံး ညဥ့် ဘုရင်နှင့် မိဖုရားကို ခစားရသော အပျိုတော်များကို နန်းတွင်းသို့ ဝင်ခွင့်ပေးလိုက်သည်။ ထိုနန်းတွင်းသူ အပျိုတော်များနှင့် အယောင်ဆောင်ထားသူများ နန်းတွင်းထဲ ဝင်လာပြီး တစ်ညလုံး ပစ္စည်းများကို ခိုးယူကြသည်။ ဤတွင် ငမောက်ပတ္တမြားကြီးလည်း ပါသွားနိုင်သည် ဆို၏။

တခြား နိုင်ငံခြားသား တစ်ဦး ရေးသော မှတ်တမ်း၌မူ စုဖုရားလတ်ကိုယ်တိုင်က နန်းတွင်းသူများကို နန်းတော်တွင်းမှ ထွက်သွားစေသည်ဟု ဆိုပါသည်။ ထိုအချိန်မှစ၍ ငမောက်ပတ္တမြားကြီး ကမ္ဘာပေါ်တွင် မည်သည့်နေရာသို့ ရောက်နေသည်ဟု သတင်းလုံးဝ ထွက်မလာသည်က ထူးဆန်းလှသည်ဟု ကမ္ဘာကျော် ရတနာကုန်သည်များက ဆိုသည်။

ဤတွင် ဒဏ္ဍာရီဆန်လှစွာ ငမောက်က မည်သည့်အချိန်က မည်သည့် မြန်မာမင်းထံ ဆက်ခဲ့သည်ဟု ခုနှစ်သက္ကရာဇ် လက်ခံခဲ့သော မင်းနာမည်မရှိဘဲ မြန်မာရာဇဝင်တွင် ပါဝင်ခဲ့သည့် ငမောက်ပတ္တမြားကြီး ပျောက်ကွယ်သွားပါသည်။

သိပ္ပံနည်းအရ ပတ္တမြားသည် ကျောက်တစ်မျိုးဖြစ်ပြီး အလူမိနီယမ် အောက်ဆိုဒ်ဓာတ်ပေါင်း ဖြစ်ပါသည်။ အလူမီနီယမ် အောက်ဆိုဒ် ဓာတ်ပေါင်းသည် အလင်းပြန်နိုင်စွမ်း မရှိပါ (အလင်း မဖြာထွက်နိုင်ပါ)။ ပတ္တမြားသည် လုံးဝ အလင်းဖြာမထွက်ကြောင်း မိုးကုတ်တစ်နယ်လုံးနှင့် ကျောက်ရောင်းကျောက်ဝယ်သူများ သိကြပါသည်။

သမားရိုးကျ ကျောက်သမားများက ပတ္တမြား၏ အရည်အသွေးနှင့် အပြစ် အနာအဆာကို သိရန် နေရောင်တွင် ထောင်၍ ကြည့်ကြပါသည်။

mgyoe.com

mgyoe.com

ခေတ်မီ ကျောက်သမားများက ကျောက်ကြည့်မှန်သုံး၍ ကြည့်ကြပါသည်။ မည်သည့်ပတ္တမြားမှ ဝါဂွမ်း ခုနစ်ပိဿာ မဆိုထားနှင့် ဝါဂွမ်းဖတ် တစ်ဖတ်ကိုပင် အရောင် မဖောက်ထွက်နိုင်ပါ။ ဤအချက်ကို မည်သူမဆို လက်တွေ့ စမ်းသပ်နိုင်ပါသည်။ ထို့ကြောင့် ရှေးရာဇဝင်ဆရာတို့၏ မြန်မာပြည်တန်ဖိုးမြှင့်တင်ရေး ပရိယာယ်သည် ကြွယ်ဝခမ်းနားလှသည်ဟု ယူဆရပါသည်။

မြန်မာ့သမိုင်းလာ စုဖုရားလတ်သည် ရဲရင့်ဉာဏ်ထက်သူ ဖြစ်ပါသည်။ ဆရာမကြီး ဒဂုန်ခင်ခင်လေး၏ စာဆိုတော် ဝတ္ထုကို ဖတ်ကြည့်ပါက စုဖုရားလတ်၏ ဉာဏ်ပြေးပုံများကို တွေ့မြင်နိုင်ပါသည်။ ထို့ပြင် စုဖုရားလတ်က သီပေါမင်းကို လွှမ်းမိုးနိုင်သူ ဖြစ်ပါသည်။ ထို့ကြောင့် ပတ္တမြားတစ်လုံးကို လက်ပြောင်းလက်လွှဲလုပ်ရန် စုဖုရားလတ်အတွက် မခဲယဉ်းဟုလည်း ယူဆတွေးတောမည်ဆိုက တွေးတောနိုင်ပါသည်။ စုဖုရားလတ်၏ မယ်တော်ဆင်ဖြူမရှင် မိဖုရားကြီး ကျန်ရစ်သည် မဟုတ်ပါလော။

တစ်ဖက်မှာ ကြည့်လျှင်လည်း ကာနယ်စလေဒင်နှင့် အင်္ဂလိပ်လူမျိုးကို ကာကွယ်လိုသောကြောင့် စတီးဝပ်က နန်းတွင်းသူ အပျိုတော်များ ယောင်ဆောင်၍ အရပ်သူများက နန်းတွင်းပစ္စည်းများကို ခိုးယူသည်ဟု လုပ်ကြံရေးသားခြင်းလည်း ဖြစ်နိုင်ပါသည်။ ထိုအချိန်တွင် နန်းတွင်းသူ ယောင်ဆောင်ရန် မလွယ်ကူသကဲ့သို့ မြန်မာတို့ ကြောက်ရွံ့ တုန်လှုပ်နေကြမည် ဖြစ်ပါသည်။ မည်သို့ဆိုစေ နန်းတွင်း၌ တစ်ညလုံး ခိုးယူကြသည် ဆိုခြင်းက သာ၍ပင် ဖြစ်နိုင်ခြေ နည်းပေသည်။

ဓမ္မစေတီ ခေါင်းလောင်း ဆယ်ယူမည့် ဦးစံလင်း၏ ကြေညာချက်တွင် ငမောက်ပတ္တမြားကြီးကို ပဲခူးရိုးမ တစ်နေရာတွင် လုံခြုံစွာ သိမ်းဆည်းထားသည် ဟူ၏။ ဤကား သီပေါဘုရင်ပါတော်မူပြီးနောက် မည်သည့်နေရာ ရောက်မှန်း မသိရတော့သော ငမောက်ပတ္တမြားကြီးအကြောင်း ပထမဆုံး ပြန်ကြားရခြင်း ဖြစ်ပါသည်။

ငမောက်ပတ္တမြားကြီး ဘုရင့်လက်တွင်း ရောက်လာပုံ၊ တရုတ်နိုင်ငံသို့ တစ်ဝက်ပါသွားပုံ၊ တရုတ်သို့ ရောက်သွားသော ပတ္တမြား တစ်ခြမ်း

mgyoe.com

mgyoe.com

မြန်မာဘုရင်ထံ ပြန်ရောက်လာပုံများက ဒဏ္ဍာရီဆန်လှသည်။ ထိုဇာတ်လမ်းမှန်ပါက ငမောက်ပတ္တမြား နှစ်လုံးရှိရမည် ဖြစ်သည်။ ထက်ခြမ်းခြမ်းပြီးသော ပတ္တမြားကို မည်သို့မျှ တစ်လုံးတည်းအဖြစ် ပြန်ဆက်၍ မရပေ။

သို့သော် မြန်မာရာဇဝင် တစ်လျှောက် ငမောက်ပတ္တမြားကြီးကား တစ်လုံးတည်းသာ ရှိကြောင်း ဖတ်ခဲ့ရသည်။ ပတ္တမြားကို စတွေ့သူ ငမောက်ကံမကောင်းသကဲ့သို့ ငမောက် ပတ္တမြားကြီး အမှန်တကယ် ရှိခဲ့လေသလား။ ထူးဆန်းစွာ တစ်စုံတစ်ယောက် လက်သို့ ရောက်ရှိသွားသလား။ ငမောက်ပတ္တမြားကလည်း ပဟေဠိများကို ချန်ရစ်ခဲ့ပေသည်။

*ဒီလှိုင်းဂျာနယ်*၊ တွဲ ၃၊ အမှတ် ၄၂
(၂၇–၁၀–၂၀၁၄)

■

mgyoe.com

mgyoe.com

## အရှင်မဟာကဿပနှင့် အရည်းကြီး

မြန်မာများ တခုတ်တရ သွားရောက် ဘုရားဖူးလေ့ရှိသော နေရာများအနက် မုံရွာမြို့နယ်အတွင်းရှိ အလောင်းတော်ကဿပလည်း ပါဝင်ပါသည်။ သို့သော် မြန်မာဗုဒ္ဓဘာသာဝင်တို့က ရှေးရာဇဝင်တွင် နာမည်ဆိုးထင်ကျန်ရစ်သည့် အရည်းကြီးများနှင့် အလောင်းတော်ကဿပ ဆက်စပ်မှုရှိသည်ဟု ဆိုပါက ငြင်းဆန်ကြမည့်သူက ၉၉ ရာနှုန်း ဖြစ်မည် ထင်ပါသည်။

သမိုင်းသုတေသနသည် လူအများကြိုက်ခြင်း၊ မကြိုက်ခြင်းကို ထည့်သွင်းစဉ်းစားမည် မဟုတ်ဘဲ အရှိကို အရှိအတိုင်းသာ ပြသမည် ဖြစ်ပါသည်။ ဆရာကြီး ဒေါက်တာသန်းထွန်းသည် မြန်မာနိုင်ငံရှိ သမိုင်းပညာရှင်များအနက် သမိုင်းနှင့် ပတ်သက်ပါက မည်သူ့မျက်နှာကိုမျှ မထောက်ထားသူ ဖြစ်ပါသည်။ ဒေါက်တာသန်းထွန်းက မှန်နန်းရာဇဝင်၊ တွင်းသင်းရာဇဝင် စသည့် ရှေးက ရေးသားခဲ့သော ရာဇဝင်များက ပြောသည့်အတိုင်း လက်မခံဘဲ ကျောက်စာ အထောက်အထားများကို အားပြု သုတေသန လုပ်သူ ဖြစ်ပါသည်။

မဟာဓမ္မရာဇသင်္ကြန် ရေးသားပြီး ၁၉၅၆ ခုနှစ်တွင် ဟံသာဝတီ ပုံနှိပ်တိုက်က ထုတ်ဝေခဲ့သည့် 'သာသနာလင်္ကာရ စာတမ်း' တွင် ရေးသား

mgyoe.com

mgyoe.com

ထားသည့် 'တစ်စီးရှင် သီဟသူလက်ထက်၌ ပင်းယမြို့တွင် သီလဝန်ဂုဏဝန် လဇ္ဇီပေသလ ရဟန်းသံဃာ များစွာ မရှိ။ ပုဂံအရည်းတို့က ကြွင်းကျန်သော ရှင်ယောင်အရည်းတို့သာ များပြားစွာသတည်း' စာအရ ပုဂံခေတ်ဦးက အရည်းကြီးများကို နှိမ်နင်း၍ ကြွင်းသမျှတို့သည် ပုဂံပျက်သောအခါတွင်မှ တစ်ဖန် အထင်အရှားနေပြန်သည် ဟူသော သဘောကို ဆောင်သောကြောင့် ထိုအရေးအသားမျိုးကို ကန့်ကွက်လိုပါသည်။ ယခုအခါ ရှာဖွေတွေ့ရှိထားသော အထောက်အထားများအရ အရည်းဆိုသူတို့ ပုဂံခေတ်ဦး၌ မရှိချေ။ ပုဂံခေတ်နှောင်း၌သာ ၎င်းတို့ ပေါ်ပေါက်လာ၍ ပုဂံပျက်သည့်နောက် အတန်ကြာအောင်ပင် တိုးတက်ကြီးပွား၍ နေကြသည်မှာ အထင်အရှား ဖြစ်ပါသည်။ အရည်းခေတ်၏ အပိုင်းအခြားကား အေဒီ ၁၂၀၀ ခန့်မှ အေဒီ ၁၅၀၀ ကျော်အထိ ဖြစ်ပါသည်။ အရည်း ဟူသော ဝေါဟာရသည် အရင်ညကင် ရှုတင်ဆောင်သဖြင့်ရသော အမည် ဖြစ်ဟန်ရှိ၍ အရညက်ဂ်မှ ရွေ့လျော၍ အရည်း ဖြစ်လာဟန် ရှိပါသည်' ဟု ဒေါက်တာသန်းထွန်းက မဟာကဿပ ဂိုဏ်းခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ် (ဒီဇင်ဘာ၊ ၁၉၅၉) တွင် ဆောင်းပါးရေးရခြင်း ရည်ရွယ်ချက်ကို စတင် ဖော်ပြထားပါသည်။

မြန်မာအားလုံးနီးပါး သိနားလည် လက်ခံထားသည်မှာ အရည်းကြီးများသည် ပုဂံခေတ်က ပေါ်ထွန်းခဲ့သော အကျင့်ပျက် ရဟန်းများ ဖြစ်ပါသည်။ တုံးခုန်၊ ဇယ်ခတ်၊ ရေငုပ်၊ ပန်းဦးပန်ကြသည် ဟူ၏။

ဆရာကြီး ဒေါက်တာသန်းထွန်းက အရည်းကြီးများသည် ကျောက်စာ အထောက်အထားများအရ မြန်မာရာဇဝင်တွင် ဖော်ပြထားသကဲ့သို့ ရေငုပ်၊ တုံးခုန်၊ ဇယ်ခတ်၊ ပန်းဦးပန်ခြင်း မရှိ။ အသားစားခြင်း၊ သေရည်သောက်ခြင်း၊ မြေဝယ်ခြင်း၊ ဆေးကုခြင်းတို့ကိုသာ ပြုလုပ်ကြောင်း တွေ့ရသည်ဟု ကျောက်စာ မူရင်းကို ရေးပြပြီး အရည်းကြီးတို့ဘက်မှ ကာကွယ်ပြောဆိုခဲ့ပါသည်။

'တောင်ကျောင်း တစ်ဆောင်ကို မိဖုရားတစ်ပါး၏ မယ်တော်က အေဒီ ၁၂၁၆ ခုနှစ်၌ သခင်ယင်တော်အား ဆောက်လုပ်လှူဒါန်း၍ တောင်နီမှ လယ်ပယ် ၂၀ ကိုလည်း လှူကြောင်း ကျောက်စာ ထားရစ်သည်။

mgyoe.com

m gyoe

ယင်းကို ထောက်၍ ၁၃ ရာစုဦးကပင် တောကျောင်းဂိုဏ်းသည် မင်းအချီး အမြှင့်ခံရလျက် ခေတ်စားလာပြီဟု မှတ်ယူရမည်။ ပုဂံအရှေ့ မင်းနန်သူရှိ ပြသတာ အရှေ့တောကျောင်း၌ ရာဇမဟာမင်္ဂလကတိကအေဒီ ၁၂၃၃ တွင် ဂူတည်ကြောင်း ရေးမှတ်ခဲ့သဖြင့် ၁၃ ရာစု၏ နှစ်အစိတ်လွန်လာလျှင် တောကျောင်းဂိုဏ်းသည် မြို့တော်အနီးသို့ ချဉ်းကပ်လာလေပြီဟု နားလည်ရပါသည်' ဟု ဒေါက်တာသန်းထွန်းက ရေးသားခဲ့ပါသည်။

အရှင်မဟာကဿပနှင့် ပတ်သက်၍ 'ဘုန်းကြီးမဟာကဿပတည်သော ကျောင်း (သို့မဟုတ်) သခင်မဟာကဿပ၏ကျောင်း ဟူ၍ ရံဖန်ရံခါ တွဲဖက်ဖော်ပြခြင်းကို တွေ့ရသဖြင့် ခေါင်းဆောင်နှင့် ဂိုဏ်းကို ရည်ညွှန်းသည်ဟု ယူဆရာသည်' ဟု ရေးသားထားပါသည်။

ဆက်လက်၍ တောကျောင်းဘုန်းကြီးများကို ဒကာ၊ ဒကာမများက မြေလှူသကဲ့သို့ ဘုန်းကြီးများက ဒကာ၊ ဒကာမများမှတစ်ဆင့် လယ်မြေဝယ်ခြင်းများ ရှိကြောင်း ကျောက်စာ အထောက်အထားများကို ပြထားပါသည်။ ထို့ပြင် ရောင်းဝယ်မှု အောင်မြင်သောအခါ စားပွဲသောက်ပွဲများ ကျင်းပကြလေ့ရှိပုံ၊ အသားဟင်းနှင့် သေရည် (အရက်) သုံးဆောင်ကြပုံများအား ဖော်ပြထားပါသည်။

တောကျောင်းဘုန်းကြီးများနှင့် ဘုရင်အကြား မြေယာအမှုအခင်းဖြစ်ခြင်းရှိသကဲ့သို့ ဒကာ၊ ဒကာမများနှင့် ဘုန်းကြီးများကြားတွင်လည်း မြေယာအမှုများဖြစ်ခဲ့ပုံ ကျောက်စာ ရေးသားချက်များကို ကောက်နုတ်ဖော်ပြထားပါသည်။ ယင်းအမှုများကို တရားမျှတစွာ စီရင်သဖြင့် ဘုရင်က အမှုရှုံးလျက် ဘုန်းကြီးက အမှုနိုင်ကြောင်းကိုလည်း ကျောက်စာ အကိုးအကားနှင့် ဖော်ပြထားပါသည်။

'တောကျောင်းရဟန်းတို့ကို အထူး ကျေးဇူးတင်ထိုက်သော အချက်တစ်ခု ရှိသေး၏။ မြန်မာတို့ မူလနေရာကို ခရိုန် (ခရိုင်)၊ ထိုမှ ချဲ့ထွင်နေထိုင်ရာကို တိုက် (တိုင်း) ဟု ရှိရာ ပုဂံပျက်လျှင် တိုက်အရပ်များ၌ မြေယာများစွာသည် ထွန်ယက်စိုက်ပျိုးရန် လူမရှိခြင်း၊ လူရှိပြန်လည်း လုံခြုံမှုမရှိခြင်းကြောင့် တောအတိ ပြန်၍ ဖြစ်ရသည်။ တိုင်းပြည် မည်သို့ အခြေအနေရှိမည်ကို အေဒီ ၁၃၇၅ ခုနှစ်ထိုး ကျောက်စာ၏ အောက်ပါ

mgyoe.com

mgyoe.com


ကောက်နုတ်ချက်ဖြင့် သိသာပါသည်' ဟု ရေးပြီးနောက် ဝတ်မွတ် ဒုက္ခရောက်နေသူများကို တောကျောင်းဘုန်းကြီးများက ကျွေးမွေးစောင့်ရှောက်ကြကြောင်း ရေးသားထားသည့် ကျောက်စာမူရင်းကို ဖော်ပြထားပါသည်။ တရုတ်တို့ ဝင်ရောက် တိုက်ခိုက်သဖြင့် ပုဂံပျက်သောအခါ လယ်ယာများကောကုန်၏။ ထိုလယ်မြေများကို တောကျောင်းဘုန်းကြီးများက ပြန်လည်စိုက်ပျိုးပြီး တိုင်းပြည်အေးချမ်းအောင် ဆောင်ရွက်ပေးကြကြောင်း ရေးသားထားပါသည်။

'အရှင်မဟာကဿပ ပျံလွန်ပြီးနောက် အေဒီ ၁၃၈၈ တွင် ရေးထိုးထားသော ကျောက်စာအရ မဟာကဿပကို အေဒီ ၁၁၆၉ တွင် ပရိမ်အရပ်၌ မွေးဖွားခဲ့သည်။ သူသည် ဘုရားလောင်း တစ်ကျိပ် အပါအဝင်ဖြစ်ကြောင်း၊ ဆင်မင်းဘဝနှင့် ဂေါတမ မြတ်စွာဘုရားထံမှ ဗျာဒိတ် ရခဲ့သည်။ တောထွက်ပြီး ကျောက်ရစ်၌ တောကျောင်းတည်၍ နေသည်ကို အေဒီ ၁၂၁၅ တွင် ပုဂံမင်းက မိမိခံစားနေရသော ဝေဒနာအား လာရောက်ကုစားပေးရန် အတန်တန် ပင့်သဖြင့် သွားရောက် ကုစားလျှင် မင်းချမ်းသာရလျက် မဟာကဿပကို ကြီးစွာ ပူဇော်သည်။ ထီးဖြူအပ်နှင်းသည်' ဟု ဖော်ပြထားပါသည်။

မဟာကဿပသည် ယောနယ်သို့ သာသနာပြုကြွစဉ် ပုံတောင်ပုံညာနှင့် မဟူတောင်တို့ဆုံရာ မုံရွာမှ အရှေ့မြောက် မိုင်ခြောက်ဆယ်ကျော်အကွာတွင် ပျံလွန်သဖြင့် ထိုနေရာ၌ပင် အလောင်းတော်ကို မြှုပ်နှံရသည်ဟု ယုံကြည်ကြသည်။ ထိုနေရာသို့ ယနေ့တိုင် ဘုရားဖူးအများ သွားလာကြသည်ဟု ဆရာကြီး ဦးဖိုးကျား ရေးသော 'အလောင်းတော် ကဿပကိုယ်တွေ့ဝတ္ထု ၆' ကို ကိုးကားဖော်ပြထားပါသည်။

ဆရာကြီး ဒေါက်တာသန်းထွန်းကို ဓမ္မရိပ်ဘာသာရေး စာစောင်က တောဂိုဏ်းဘုန်းကြီးများအကြောင်း တွေ့ဆုံမေးမြန်းစဉ်ကလည်း ဆရာကြီးက ရှေးဘုရင်များ လက်ထက်က တောဂိုဏ်းဘုန်းကြီးများကို မြို့ဂိုဏ်းဘုန်းကြီးများထက် ပိုမိုကြည်ညိုကြောင်း ဖြေကြားခဲ့ပါသည်။

ကျောက်စာ အထောက်အထားများကို လက်ကိုင်ပြုပြီး ရာဇဝင်စာမျက်နှာထက်တွင် အမည်းစက်တင်ကျန်ရစ်သော အရည်းကြီးဟု အခေါ်ခံရ

mgyoe.com

သည့် တောဂိုဏ်းဘုန်းကြီးတို့ လူမှုရေး ဆောင်ရွက်ခဲ့ပုံနှင့် အုပ်ချုပ်သူဘုရင်၏ အမှားများကို ထောက်ပြဆုံးမခဲ့ကြကြောင်း၊ အထက်ပါ ဆောင်းပါးတွင် အသေးစိတ် ဖတ်ရှုကြပါကုန်။

*ဒီလှိုင်းဂျာနယ်*၊ တွဲ ၃၊ အမှတ် ၄၃
(၃-၁၁-၂၀၁၄)

■

mgyoe.com

mgyoe.com

## လက်ဝဲနော်ရထာနှင့် လက်ဝဲသုန္ဒရ

အမည်တူ ပြဿနာကား သာမန် အရပ်သားကြား၌ လည်းကောင်း၊ မင်းစိုးရာဇာများကြား၌လည်းကောင်း ရှိတတ်ကြပေရာ သာမန်ပြည်သူများကြားတွင် ညိုကြီး၊ ညိုလေး၊ သီတာ–၁၊ သီတာ–၂ စသဖြင့် သင်္ကေတတစ်ခုခုဖြင့် အမည်တူ ပြဿနာကို ဖြေရှင်းတတ်ကြပါသည်။

လက်ဝဲနော်ရထာနှင့် လက်ဝဲသုန္ဒရတို့၏ အမည်တူ ပြဿနာကား နှစ်ဦးစလုံးက မင်းမှုထမ်းများဖြစ်နေခြင်း၊ ဘုရင်က ချီးမြှင့်သည့် ဘွဲ့အမည်တူနေခြင်း၊ နှစ်ဦးစလုံးက စာဆိုများ ဖြစ်ကြခြင်း စသော အကြောင်းများကြောင့် နှောင်းလူတို့ ရောထွေး အမှတ်မှားခဲ့ကြပါတော့သည်။

မင်းမှုထမ်း စာဆိုနှစ်ဦးအား နောက်ဆုံး ကုန်းဘောင်မင်းဆက်သီပေါလက်ထက်မှစ၍ ၁၉၆၀ ပြည့်နှစ်ဝန်းကျင်ထိတိုင် အမှတ်မှား၊ အရေးမှားခဲ့ကြခြင်းအပေါ် စာပေသုတေသီများ၊ မြန်မာစာနှင့် ဘာသာစကားပညာရှင်များ၊ သမိုင်းသုတေသီများက ဝိုင်းဝန်းခွဲခြားပေးခဲ့ကြပါသည်။

မင်းမှုထမ်း စာဆိုနှစ်ဦးသည် ခေတ်ပြိုင်ဖြစ်ခြင်း၊ သက္ကရာဇ် ၁၂၄၀ တွင် ဆောင်ရွက်ခဲ့သည့် သတ်ပုံကျမ်းများ စာရင်း၌ ရစ်ပင့်ဋီကာကို ပြုသည့် မြန်မာသံယောဂဒီပနီကျမ်းကို ရေးသားသူအဖြစ်...

"လက်ဝဲသုန္ဒရဘွဲ့ခံ မောင်မြတ်စံ၊ ပျို့ကဗျာ လင်္ကာ အများ ရေးသည်။ တရားမ တရားသူကြီးတော်၏ ရာထူးနှင့် ထမ်းရွက်သည်" ဟု

mgyoe.com

mgyoe.com


လွဲမှားမှတ်တမ်းတင်ခဲ့ခြင်းနှင့် မဲဇာတောင်ခြေ ရတုကြောင့် လက်ဝဲသုန္ဒရ အလွန် ထင်ရှားကျော်စောသွားခြင်းတို့ကြောင့် လက်ဝဲနော်ရထာဘွဲ့ခံ လက်ဝဲသုန္ဒရအမည် မှေးမှိန်သွားကာ ရေးသားသော စာများကိုလည်း အမည်ရင်း ဦးမြတ်စံ၊ လက်ဝဲသုန္ဒရ ရေးသားသည်ဟု အမှတ်မှားကြလေသည်။

မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း (မြန်စာပြန့်) က နှစ်စဉ် စာဆိုတော်နေ့ အထိမ်းအမှတ် အခမ်းအနား တစ်ခု ကျင်းပပြီး စာအုပ်ထုတ်ဝေခြင်းကိုပါ ပူးတွဲပြုလုပ်ပါသည်။

၁၉၇၄ ခုနှစ်တွင် မြန်စာပြန့်အသင်းက မင်းလက်ဝဲနော်ရထာ နှစ် ၂၅၀ ပြည့် မွေးနေ့ကို ကျင်းပပြီး မြန်စာပြန့်စာစဉ် ၁၁ အဖြစ် မင်းလက်ဝဲနော်ရထာ စာအုပ်ကို ထုတ်ဝေခဲ့ပါသည်။ ယင်းစာအုပ်တွင် စာရေးဆရာများ၊ သုတေသီများက လက်ဝဲနော်ရထာ၏ ဘဝနှင့် စာပေအကြောင်း ရေးသားကြပါသည်။ သို့ဖြင့် လက်ဝဲသုန္ဒရ ဘွဲ့တူနေခြင်းကြောင့် ရောထွေးအမှတ် မှားခဲ့သော စာဆိုညီနောင်နှစ်ဦး ကွဲပြားသွားပါသည်။

၁၉၇၆ ခုနှစ်တွင် မြန်မာစာ မဟာဝိဇ္ဇာတန်း ကျောင်းသူ မကြူကြူလှက 'လက်ဝဲနော်ရထာဘဝနှင့် စာပေ' ကျမ်းကို တင်သွင်းခဲ့ပါသည်။ ၁၉၉၂ ခုနှစ်တွင် မြန်မာစာ မဟာဝိဇ္ဇာဘွဲ့အတွက် ဗိုလ်မှူးမင်းနိုင်က 'လက်ဝဲသုန္ဒရ၏ စစ်ပျို့သုံးစောင် လေ့လာချက်' ကျမ်းကို မန္တလေး တက္ကသိုလ်တွင် တင်သွင်းခဲ့ပါသည်။

မြန်မာစာပေ ပညာရှင်များက လက်ဝဲနော်ရထာဘွဲ့ခံ လက်ဝဲသုန္ဒရ (ဦးနေခေါ် ဦးမြတ်သာနေ) ကို မော်ကွန်းလက်ဝဲသုန္ဒရဟု လည်းကောင်း၊ လက်ဝဲသုန္ဒရ (ဦးမြတ်စံ) ကို ပျို့လက်ဝဲသုန္ဒရဟု လည်းကောင်း သူတို့ ရေးသားသော စာပေအရ ခွဲခြားခေါ်ဆိုကြပါသည်။

လက်ဝဲနော်ရထာကို ၁၀၈၅ ခုနှစ်တွင် မွေးဖွားခဲ့ပြီး မုံရွေးဇာတိဖြစ်၏။ အင်းဝခေတ်မှ ကုန်းဘောင် အမရပူရ ပထမမြို့တည် နန်းတည် မင်းလက်ထက်ထိ အမှုတော် ထမ်းခဲ့သည်။ အလောင်းမင်းတရားထံ ခစားစဉ် လက်ဝဲသုန္ဒရဘွဲ့ကို ဦးစွာရပြီးမှ လက်ဝဲနော်ရထာဘွဲ့ကို ထပ်မံရရှိခြင်းဖြစ်ပါသည်။

mgyoe.com

mgyoe.com


အမည်ရင်း ဦးမြတ်စံ ဘွဲ့အမည် လက်ဝဲသုန္ဒရကို ၁၀၈၅ ခုနှစ်တွင် မွေးဖွားခဲ့ပြီး မန်ကျည်းတုံရွာဇာတိ ဖြစ်သည်။ ဦးနေကဲ့သို့ပင် အင်းဝခေတ်မှ ကုန်းဘောင်ခေတ်ထိ မင်းမှုထမ်းခဲ့သူဖြစ်ပြီး ဦးနေနှင့် ခေတ်ပြိုင် စာဆိုတစ်ဦး ဖြစ်ပါသည်။

၁၂၅၀ ပြည့်နှစ်တွင် မိုင်းခိုင်မြို့စားကြီး ဦးယံ ရေးသားပြုစုသည့် ပိဋကတ်တော်သမိုင်းတွင် စာဆိုနှစ်ဦး၏ စာများကို အမည်ရင်းနှင့်ဘွဲ့ ဖော်ပြလျက် စာရင်းပြုစုပေးထားသည်။ စာဆိုနှစ်ဦးစလုံးက မြန်မာစာပေအတွက် တန်ဖိုးမဖြတ်နိုင်သော စာပေများကို ရေးသားပြုစုပေးခဲ့ကြပါသည်။

လက်ဝဲသုန္ဒရက ရှေးမြန်မာ စစ်ပညာကျမ်း သုံးကျမ်း အပါအဝင် ဓမ္မသတ်၊ ပျို့များကို ရေးသားပေးခဲ့ပြီး လက်ဝဲနော်ရထာက မော်ကွန်းများ လျှောက်ထုံးများ၊ မြန်မာသံယောဂဒီပနီ၊ အလောင်းမင်းတရား အရေးတော်ပုံ စသည်တို့ကို ရေးသားခဲ့သည်။ ယင်းအရေးတော်ပုံတွင် ဦးကုလား ရာဇဝင်တွင် မပါသော အင်းဝမင်းနှစ်ဆက်အကြောင်း ပါဝင်ပါသည်။

လက်ဝဲသုန္ဒရ ရေးသားသည့် စစ်ပျို့သုံးစောင်သည် မြန်မာစာပေတွင် ရှားပါးသော၊ ရှေးမြန်မာရိုးရာ စစ်ပညာအကြောင်း ဖြစ်ပါသည်။ နန္ဒိသေနပျို့ ၁၁၂၈၊ သေနင်္ဂဗျူဟာပျို့ ၁၁၄၇၊ ဗျူဟာစက္ကိပျို့ ၁၁၅၂ သုံးစောင်သည် လက်ဝဲသုန္ဒရ ရေးသားခဲ့သည့် စစ်ပျို့သုံးစောင် ဖြစ်ပါသည်။

သေနင်္ဂဗျူဟာပျို့နှင့် ဗျူဟာစက္ကိပျို့ကို ဦးဘသောင်းက တည်းဖြတ်ပြီး ၁၉၄၂ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသောအခါ ဂျပန်ခေတ်တွင် စစ်ဝန်ကြီးအဖြစ် တာဝန်ယူနေသည့် ဗိုလ်ချုပ်အောင်ဆန်းက ဥယျောဇဉ် (အမှာစာ) ရေးသားပေးပါသည်။ ယင်းပျို့နှစ်စောင်အရ ရှေးမြန်မာတို့၏ စစ်ပညာအဆင့် မြင့်မားခဲ့ပုံကို ဗိုလ်ချုပ်က ဖော်ပြပါသည်။

နန္ဒိသေနပျို့တွင်မူ စစ်ပညာကို အသားမပေးဘဲ စစ်သည်တော် ကျင့်ဝတ်များကို ဖော်ပြထားပါသည်။ ယင်းပျို့ကို တည်းဖြတ်သူ ဗိုလ်မှူးဘသောင်း (မောင်သုတ) ၏ အမှာစာတွင်—

"သစ္စာဆိုရာ၌ အထက်မှ စေခိုင်းသမျှသော အလုပ်ဝတ္တရားများကို တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ခြင်း တစ်ခုတည်းကိုသာ သစ္စာဟု

mgyoe.com

mgyoe.com


မဆိုလိုသေးပါ။ ချမ်းသာဆင်းရဲမရွေး ပြည်သူတစ်ရပ်လုံးအား စိတ်ငြိုငြင်နွမ်းပါး မဖြစ်စေခြင်း၊ စော်ကားမော်ကား မပြုခြင်း၊ သစ်ညွန့်တစ်ခက်၊ ဟင်းတစ်ခွက်ကိုသော်မှ တစ်ပါးသူက ကြည်ကြည်ဖြူဖြူ မပေးဘဲလျက်၊ မယူမငင်၊ မပြစ်မမှားရခြင်း" စသဖြင့် ရေးသားထားပါသည်။

စာဆိုနှစ်ဦး၏ ဘွဲ့အမည် ရောထွေးနေခြင်းကို အကြောင်းပြုလျက် တိမ်မြုပ်နေသော လက်ဝဲနော်ရထာကို ပြန်လည် ဖော်ထုတ်ရာမှ တစ်ဆင့် ရှေးစာဆိုနှစ်ဦး၏ စာပေလက်ရာများကို နှောင်းလူတို့ ပြန်လည်ထိတွေ့ခွင့်ရကြပါသည်။ ရှေးစာဆိုတို့၏ ဂုဏ်ကျေးဇူးကို သိခွင့်ရကြပါသည်။

မြန်မာတို့၏ စာပေအဆင့်အတန်း မြင့်မားခဲ့ပုံ၊ ရှေးစစ်သည်တော်တို့ ကျင့်ဝတ်စောင့်ထိန်းကြပုံများကိုလည်း သိခွင့်ရခြင်းက ဘုရင်ချီးမြှင့်သည့် ဘွဲ့တူနေခြင်းအပေါ် ခွဲခြားအဖြေရှာခြင်း၏ ဘေးထွက် အမြတ်တရား ဖြစ်ပေသည်။

*ဒီလှိုင်းဂျာနယ်*၊ တွဲ ၃၊ အမှတ် ၄၄
(၁၀-၁၁-၂၀၁၄)

■

mgyoe.com

mgyoe.com

# ရွှေအိမ်သည်နှင့် ရွှေအိမ်သည်

ရှေးမြန်မာရာဇဝင်များတွင် ဘုရင့်သမီးတော် နှစ်ပါး အမည်တူခြင်း ကြောင့် မျက်မှောက်ခေတ်ထိ သမိုင်းမှတ်တမ်းကို တိကျသေချာစွာ မရေး သားဝံ့ဘဲ ဖြစ်တန်ရာ၏ဟု ရေးသားခြင်းများကို မြင်တွေ့နိုင်ပါသည်။

အငြင်းပွားစရာ သမိုင်းပြဿနာထဲတွင် မှားယွင်းရေးသားခြင်း ခံရ သူများကား ကျန်စစ်သားမင်းကြီး၏ သမီးတော် ရွှေအိမ်သည်နှင့် နရပတိ စည်သူ၏ သမီးတော် ရွှေအိမ်သည်တို့ ဖြစ်ကြပါသည်။

ရှေးရာဇဝင်များတွင် အဓိက အရေးပါသူများက ဘုရင်များဖြစ်ပြီး မိဖုရားနှင့် သားတော်၊ သမီးတော်များက ရှင်ဘုရင်တို့၏ အရိပ်အောက် တွင်သာ မှတ်တမ်းတင်ခံကြရပေသည်။ ကျန်စစ်သားမင်းကို ရှေးရာဇဝင် အရ မင်းကောင်းမင်းမြတ် တစ်ပါးအဖြစ် ယနေ့ထိ မြန်မာတို့ လက်ခံနေ ကြဆဲ ဖြစ်ပါသည်။

လွန်ခဲ့သော ၁၉၉၀ ပြည့်နှစ်ဝန်းကျင်တုန်းက မိမိကိုယ်မိမိ ကျန်စစ် သား ဝင်စားသည်ဟု လူသိထင်ရှား ပြောကြားသူကိုပင် ကြုံခဲ့ကြရသည်ထိ မြန်မာတို့ကို ကျန်စစ်သားမင်းကြီးက လွှမ်းမိုးခဲ့ပါသည်။ သမိုင်းသုတေ သန ဖော်ပြချက်များအရ ကျန်စစ်သားမင်းကြီး၏ ဇာတိမှန်နှင့် ရှေးရာဇဝင် များက ပြောသော ဇာတိကား ကွဲပြားခြားနားလှသည်။

mgyoe.com

mgyoe.com


ရှေးရာဇဝင် အများက ကျန်စစ်သားကို အနော်ရထာမင်းကြီး၏ သားတော်ဟု ဆိုကြသည်။ တချို့ ရာဇဝင်ကမူ အနော်ရထာမင်းကြီး၏ သူရဲကောင်း လေးဦးအနက် တစ်ဦးဟု ဆို၏။ သမိုင်း သုတေသီ မောင်ဖေငယ်က ကျန်စစ်သားသည် မဇ္ဈိမဒေသတိုင်းသူ ဝေသာလီမင်းသမီးက ဖွားမြင်သည့် အဖေမပေါ်သော သားဟု ဆိုပါသည်။ ၁၈၁၈ ခုနှစ်တွင် ရေးသားသည့် ဗဒုံမင်း အယူဝါဒ စာတမ်းတွင်...

'ကျောင်းဖြူမင်းက ကွမ်းထမ်းရောင်းသောသူ၊ သူ့သားကား အနုရုဒ္ဓါဒေဝတွင်သော အနော်ရထာ။ သားစောလူး၊ ထိုစောလူးကို အထိန်းတော် ငရမန် သတ်၍ သေသည်။ သားကား စောယွန်း။ မျိုးခြားက ထီးလှိုင်ရှင်ပြု၍နေသော ကျန်စစ်သား' ဟု စာတမ်းကို စတင် ရေးသားထားသည်။

ကျန်စစ်သားနှင့် ပတ်သက်၍ ဒဏ္ဍာရီဆန်သော အရေးအသားများစွာ ရှိသေးသည်။ မိဘများ လယ်ထွန်နေစဉ် သစ်ပင်ရိပ်၌ သိပ်ထားစဉ် နဂါးက လာရောက် ပါးပျဉ်းမိုး စောင့်ရှောက်ပေးသည်။ ကျန်စစ်သားမွေးချိန်တွင် နိမိတ်ထူးများပေါ်၍ ဟူးရားတို့၏ ဟောကိန်းအရ မင်းလောင်းပေါ်သည်ဆိုသဖြင့် မွေးကင်းစကလေး ခြောက်ထောင်ကျော်ကို မင်းမိန့်အရ ရှာဖွေသတ်ဖြတ်ရသည် စသဖြင့် တွင်းသင်း မြန်မာရာဇဝင်သစ်က ဆို၏။

ထိုသို့သော ကျန်စစ်သားမင်းကြီးက မွေးဖွားသည့် သမီးတော် ရွှေအိမ်သည်၏ ဘဝဖြစ်စဉ်များကလည်း ဒဏ္ဍာရီဆန်လှပါသည်။ ရာဇဝင်အများအရ ကျန်စစ်သားမင်းနှင့် အပယ်ရတနာ မိဖုရားတို့မှ သမီးတော် ရွှေအိမ်သည်ကို ဖွားမြင်သည်ဟု ဆို၏။ ဗဒုံမင်း အယူဝါဒစာတမ်း (၁၈၁၈) ကမူ...

'ကျန်စစ်သား သထုံမင်းရဲ့ သမီးကို သိမ်းမြန်းရာ သမီး ရွှေအိမ်သည်ကို မြင်သည်ဟု ရေးသားလေသည်။ ရွှေအိမ်သည်ကို ဖခမည်းတော် ကျန်စစ်သားမင်းကြီးက ချစ်မြတ်နိုးလှသဖြင့် တပင်တိုင်နန်းနှင့် ထားတော်မူသည်။'

ကုလားမင်းသား ပဋိက္ကရားသည် မျက်ရှင်တော်ကို ခံတွင်း၌ ငုံလျက် ကောင်းကင်ခရီးဖြင့် လာရောက်ကာ ရွှေအိမ်သည်နှင့် ရည်ငံကြသည်။ ကျန်စစ်သားမင်းကြီး သိတော်မူလျှင် သမီးတော် ရွှေအိမ်သည်ကို

mgyoe.com

mgyoe.com


စောလူး၏သားတော် စောယွန်းနှင့် လက်ဆက်ပေးသည်။ ရွှေအိမ်သည်ထံ ကောင်းကင်ခရီးဖြင့်လာသော ပဋ္ဌိက္ကရားမင်းသားကို ဈာန်ဖြင့် ကြွလာသည့် ရှင်အရဟံက ရွှေအိမ်သည်အကြောင်း ပြောပြသည်။

ပဋ္ဌိက္ကရားမင်းသားက အံ့အားသင့်ပြီး အာမေဍိတ်ပြုမိရာ ခံတွင်းထဲမှ မျက်ရှင်ပြုတ်ကျလျက် ပဋ္ဌိက္ကရားမြေပြင်ပေါ်ကျကာ သေပွဲဝင်သည်။ များမကြာမီ ရွှေအိမ်သည်၏ ဝမ်းကြာတိုက်တွင် ပဋ္ဌိက္ကရား ဝင်စားပြီး သားတော် အလောင်းစည်သူကို ဖွားမြင်သည်။

ကျန်စစ်သားမင်းကြီးက မြေးတော်ကို ချစ်မြတ်နိုးစွာ အိမ်ရှေ့အရာ ပေးတော်မူသည်။ တွင်းသင်းရာဇဝင်၊ ဦးကုလားရာဇဝင်၊ မှန်နန်းရာဇဝင်၊ ဇာတာတော်ပုံ စသော ရာဇဝင် စာအုပ်များတွင် အနော်ရထာ၊ စောလူးမင်း၊ ကျန်စစ်သားမင်းတို့၏ ဖွား၊ နန်းစံ၊ သေ သက္ကရာဇ်များ ကွဲလွဲနေသဖြင့် သမိုင်းသုတေသီများက ကျောက်စာ အထောက်အထားများနှင့် အဆိုပါ ရာဇဝင်များကို တိုက်ဆိုင်စစ်ဆေးပြီး အဖြေထုတ်ကြပါသည်။

ဦးကုလားရာဇဝင် (ပထမတွဲ) စာမျက်နှာ ၁၈၄ အရ ကျန်စစ်သား နန်းတက်ပြီး ငါးနှစ်အကြာတွင် ရင်ခွင်ပိုက်ဘုရင်အဖြစ် အိမ်ရှေ့အရာကို ပေးထားသည်ဆိုသော အလောင်းစည်သူကား သက်တော် ၃၁ နှစ်အရွယ် ရောက်ပြီ ဖြစ်၏။ မှန်နန်းရာဇဝင်အရ ကျန်စစ်သား နန်းတက်ပြီး နှစ်နှစ်တွင် သမီးတော် ရွှေအိမ်သည်ကို မမွေးသေးပေ။

ထို့ပြင် တချို့ရာဇဝင်များက ကျန်စစ်သားမင်းကြီးသည် မွန်မြန်မာ ချစ်ကြည်ရေးအတွက် သမီးတော် ရွှေအိမ်သည်ကို မနူဟာမင်း၏ မြေးတော် နာဂသမန်းနှင့် လက်ဆက်ပေးသည် ဆို၏။

မြန်မာ့စွယ်စုံကျမ်း အတွဲ–၂၊ စာမျက်နှာ ၉၅ တွင် မြင်းစီးလှေတော်ကို၊ ပုပ္ပား၌ အသဝတ်ဓမ္မာမင်းသား ဝှက်သော ကာလသည် ငရမန်ကန်း ပုဂံကို ပုန်ကန်နေသော ကာလဆိုးဖြစ်တန်ရာသည်။ ထိုသို့ဝှက်သော အသဝတ်ဓမ္မာ၏ အမူအရာသည် ပုဂံတစ်ပိုက်ရှိ မွန်တို့ကို စုရုံး၍ တစ်ထီးတစ်နန်း ထူလိုသဖြင့် ပုပ္ပား၌ ဗိုလ်ဝင်ခံသော အမူအရာ ဖြစ်တန်ရာသည်။ ထိုသို့ဖြစ်လျက် မျက်မှောက်ဆူပူ သောင်းကျန်းမှုကို အလွယ်တကူ ငြိမ်းအေးလိုသော ဆန္ဒကြောင့်လည်းကောင်း၊ နောင်ရေးကို မျှော်တွေး၍ မွန်–

mgyoe.com

mgyoe.com


မြန်မာ အဓွန့်ရှည်စွာ စည်းလုံးခိုင်မြဲစေလိုသော ဆန္ဒကြောင့် လည်းကောင်း၊ ကျန်စစ်သားမင်းသည် မိမိ၏ သမီးတော် ရွှေအိမ်သည်အား မနူဟာမင်း၏ မြစ်တော် နာဂသမန်းနှင့် ထိမ်းမြားခြင်းသည်လည်း ဖြစ်တန်ရာသည်။ တစ်ဖန် ရာဇဝင်များ၌ မြေးတော်ကို မင်းမြှောက်ခဲ့ပြီးဖြစ်၍ မြေးကားအရင်း သားကားအဖျားဖြစ်ပြီဟု ကျန်စစ်သားမင်း မိန့်တော်မူကြောင်း ရေးမှတ်ခဲ့ခြင်းသည်လည်း ထိုအကြောင်းများကြောင့်ပင် ဖြစ်တန်ရာသည်' ဟု ရေးသားထားပါသည်။

ထို့ကြောင့် မြန်မာ့စွယ်စုံကျမ်းပြုဆရာများက ကျန်စစ်သားမင်း၏ သမီးတော် ရွှေအိမ်သည်ကို နာဂသမန်းနှင့် လက်ဆက်ရသည်ဟု ယူဆကြောင်း တွေ့ရှိရပါသည်။ ဤတွင် သမီးတော် ရွှေအိမ်သည်နှင့် ပတ်သက်သော ဇာတ်လိုက်သုံးဦး ပေါ်ထွက်လာသည်။ ပဋိက္ကရားမင်းသား၊ စောယွန်းနှင့် နာဂသမန်းတို့ ဖြစ်ကြပါသည်။

သမိုင်းဆရာများက ထိုထိုရာဇဝင်များက ကွဲပြားဖော်ပြချက်များကို ခေတ်ပြိုင်သမိုင်း အထောက်အထားများ၊ ကျောက်စာ အထောက်အထားများဖြင့် ရှာဖွေတိုက်ဆိုင် စစ်ဆေးခဲ့ကြပါသည်။ ဗဒုံမင်း အယူဝါဒစာတမ်း (၁၈၁၈) တွင် ဆက်လက်ဖော်ပြထားသည်မှာ...

'သမီး ရွှေအိမ်သည်ကို စောလူးသား စောယွန်းနှင့် ထိမ်းမြန်းရာ အလောင်းစည်သူကို မြင်သည်...' ဟူ၏။

ဆရာကြီး ဒေါက်တာသန်းထွန်းက မနူဟာကျောက်စာ (စာရင်း ၃၄၆ မန္တလေး ကျောက်စာ အမှတ် ၉) တွင် ရေးထိုးထားသော ကျောက်စာ မူရင်းကို ဖော်ပြပြီး နာဂသမန်းနှင့် လက်ဆက်ရသော ရွှေအိမ်သည်မှာ ကျန်စစ်သားမင်းကြီး၏ သမီးတော် မဟုတ်ဘဲ နရပတိစည်သူ၏ သမီးတော် ရွှေအိမ်သည် ဖြစ်ကြောင်း ထောက်ပြပါသည်။

ကျောက်စာကြောင်းရေ တစ်ခုချင်း ဖော်ပြပေးထားရာ...

၁။ သစုမ်မင်းကြီး သားတော် သုဓမ္မရစ်။ သုဓမ္မ။

၂။ ရစ်သားတော် အသဝတ်ဓမ္မာမင်းသည် သိရိတြိနာဘဝနာ ဒိတျပဝရ ဓမ္မ။

၃။ ရာဇာဓိရာဇာ မည်တော်ဟိသော (ရှိသော) နရပတိစည်သူ မင်းကြီး။

mgyoe.com

mgyoe.com


၄။ လာင်းတော်ကိုဝ် (လောင်းတော်ကို) ပုပ္ပားအရပ် သိုဝ့်ကပ်ပေ၏။ နရပတိစည်သူမင်းကြီး မိန့်၏။

၅။ အသဝတ်ဓမ္မာ ရွှေလောင်းကို ယူချေ။ ကိုဝ်ကိုဝ် ထမင်းဝအောင် ကျွေးမည်ဟူ၍။

၆။ မိန့်၏။ အသဝတ်ဓမ္မာလည်း ရွှေလောင်းတော် ကိုဝ်ယူချေ၏။ ရွှေလောင်းတော်ရောက်။

၇။ ပြီဟူ၍ လျှောက်သော်။ သမီးတော် ရွှေအိမ်သည်နှင့်လည်း အသဝတ်သား နာဂသွန်း။

၈။ ပေးစေတော်မူ၏။ စားကျေးကျွန်ရွာလည်း များစွာ ပေးတော်မူ။ တမ။

၉။ ငံးအိုဝ် သုံမ်းဆယ်နှင့် နွားသင်းနုတစ်ဆယ် ငါခဉကိုဝ်ဟင်းပြုရွေ့ကျွေးတော်မူ။

၁၀။ ၏။

နရပတိစည်သူ၏ သမီးတော် ရွှေအိမ်သည်မှာ ရာဇဝင်တွင် ကျန်စစ်သားမင်းကြီး၏ သမီးတော် ရွှေအိမ်သည်လောက် မထင်ရှားခဲ့။ ထို့ပြင် ရှေးရာဇဝင်များက ကွဲလွဲဖော်ပြခဲ့ကြရာ နှောင်းလူတို့၏ အတ္တနောမတိအရ ရှေးမြန်မာမင်းများ လက်ထက်ကတည်းက မွန်–မြန်မာ ချစ်ကြည်ရေးကို ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားပြအဖြစ် ကျန်စစ်သား မင်းကြီးက ဇာတ်လိုက် ဖြစ်လာရတော့သည်။ ခမည်းတော်၏ ဇာတ်ဝင်ခန်း ပိုမို အသက်ဝင်စေရန် ဝန်းရံပေးရသူက သမီးတော် ရွှေအိမ်သည် ဖြစ်၏။

ရှေးရာဇဝင်များ ဤသို့ဖြစ်ရခြင်း အကြောင်းရင်းများ ရှိကြကြောင်း အကြမ်းဖျင်း နားလည်ထားလျှင် သမိုင်းက ပြောသမျှ မယုံဘဲ စဉ်းစားချင့်ချိန်နိုင်ပါမည်။ မှန်နန်းရာဇဝင်သည် ဦးကုလား ရာဇဝင် နောက်နှစ် ၁၀၀ နောက်ကျပြီး ရေးသည့် ရာဇဝင် ဖြစ်ပါသည်။ မှန်နန်းကို မြန်မာဘုရင်က ဖွဲ့ပေးသော ပညာရှင်အဖွဲ့က ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

တာဝန်ယူ ရေးသားကြသော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့၏ လွတ်လပ်စွာ လေ့လာရေးသားနိုင်ခွင့် နည်းပါးမည်ကား အထူးပြောစရာ မလို။ သက်ဦးဆံပိုင် ပဒေသရာဇ်ခေတ်ပေကိုး။ တစ်ဆင့်ကြား ဒဏ္ဍာရီဆန်ဆန်
mgyoe.com

mgyoe.com


ဟီးရိုးဇာတ်လမ်းများစွာ ပါဝင်လာခြင်းက ထိုခေတ်မင်းများ၊ ရေးသားမှတ်တမ်းတင်သူများ ညဏ်ကွန့်မြူးနိုင်ကြပုံကို ဖော်ပြပါသည်။

သို့သော် ဘုရင်၏ အရိပ်အောက်မှ သမီးတော်များကား မသက်သာကြ။ အထူးသဖြင့် မိဘက ထင်ရှားသူဖြစ်လျှင် မိဘ၏ ဇာတ်ဝင်ခန်းပိုမိုခမ်းနားစေရန် သမီးတော်များ အဆစ်ပါတတ်ကြောင်း ရွှေအိမ်သည် ရောထွေးမှုက ပြသသွားပါသည်။

*ဒီလှိုင်းဂျာနယ်*၊ တွဲ ၃၊ အမှတ် ၄၅
(၁၇–၁၁–၂၀၁၄)

■

mgyoe.com

mgyoe.com

## နာဂသမန်းနှင့် တိမ်မြုပ်နေသော အနွယ်တော်များ

လောကဓံတရားက သာမန်လူများကို မဆိုထားဘိ။ မိမိကိုယ်မိမိ ရေမြေသနင်း ပြည့်ရှင်မင်းဟု ပလ္လင်နှင့် တင်ပါးမြဲနေစဉ်က အထင်ရောက်ခဲ့ကြသည့် သက်ဦးဆံပိုင် ဘုရင်ဆိုသူများကိုပင် အလွတ်မပေးကြောင်း မနူဟာမင်း၏ မြစ်တော် နာဂသမန်း၏ ဘဝက သက်သေခံပါသည်။

သထုံမနူဟာမင်းကို ပုဂံမင်း အနော်ရထာက စစ်အောင်နိုင်ပြီး မနူဟာမင်းနှင့်တကွ ပိဋကတ်တော်များကို အနော်ရထာက ပုဂံသို့ ပင့်ဆောင်ခဲ့ကြောင်း မြန်မာရာဇဝင်များတွင် မှတ်တမ်းတင်ထားပါသည်။

စစ်ရှုံးသူ နန်းကျဘုရင် မနူဟာသည် မြင်းကပါအရပ်တွင် နေထိုင်သွားရသည်။ မနူဟာဘုရားကို တည်ခဲ့သည်ဆိုသော အကြောင်းမှအပ မည်သည့်မှတ်တမ်းမှတ်ရာမျှ မတွေ့ရှိရပေ။ သို့သော် ဒဏ္ဍာရီဆန်သော မှတ်တမ်းကို မနူဟာမင်းအကြောင်းတွင် တွေ့ရှိရပါသည်။ မနူဟာမင်းသည် ဘုန်းတန်ခိုးကြီးသောကြောင့် စကားပြောရန် ပါးစပ်ဟလျှင် အာခံတွင်းမှ ဝင်းလက်ထိန်ပြောင်သော အာစက်လျှာစက် အရောင်ထွက်သည်ဟူ၏။ အနော်ရထာက ထိုအာစက်လျှာစက်ကို ကြောက်ရွံ့၍ မနောလင်ပန်းထဲတွင် ဘုရားဆွမ်းတော်ကျများကို ထည့်ပြီး ပွဲတော်အဖြစ် မနူဟာမင်းထံ ပို့သည်။ မသိ၍ မနူဟာမင်း ပွဲတော်တည် ပေးမိသောကြောင့် အာစက်လျှာစက်များ ပျောက်ကွယ်ကုန်၏ဟု ဆိုပါသည်။

mgyoe.com

mgyoe.com


နန်းကျဘုရင်အကြောင်း မွန်ရာဇဝင်တွင် အကျယ်တွေ့နိုင်ကောင်း၏ဟု ရှာဖွေမိပါသည်။ စစ်ကိုင်းမင်းကွန်း ပိဋကတ်တိုက် (စာကြည့်တိုက်) ရှိ မွန်ရာဇဝင် လက်ရေးပေမူ ၁၇၈၄ ကို ပုံနှိပ်ထားသော စာအုပ်တွင် ဖော်ပြချက်အရ သုဓမ္မဝတီမြို့ (သထုံ) ၏ ၄၄ ဆက်မြောက် ဘုရင်သည် မနူဟာ ဖြစ်၏။ မနူဟာသည် မိန်းမ လိုက်စားပြီး မှန်ကန်စွာ အားမထုတ်ခြင်းကြောင့် မနူဟာမင်းနှင့် ပြည်သူများ ဆုတ်ယုတ်လာပြီး တိုင်းနိုင်ငံလည်း ရွာကြီးအဆင့်မျှသာ ရှိတော့သည်။ သည်အခြေအနေတွင် အနော်ရထာ လာရောက် တိုက်ခိုက်၍ မနူဟာ စစ်ရှုံးကြောင်းမျှသာ ရေးသားထားသည်။

နန်းကျပြီးနောက်ပိုင်း ကာလတွင် မနူဟာ မည်သို့ရှင်သန် နေထိုင်ကြောင်း ဘာမှမပါဝင်တော့ပေ။ သို့ဖြင့် မနူဟာ၏ အဆက်အနွယ်များအကြောင်း ရာဇဝင်မှတ်တမ်းတွင် မှားယွင်းရေးသားခြင်းများပင် ရှိခဲ့သဖြင့် မြစ်တော် နာဂသမန်းနှင့် လက်ဆက်ရသူ ရွှေအိမ်သည် (နရပတိ၏ သမီးတော်) ကို ကျန်စစ်သားမင်း၏ သမီးတော်နှင့် မှားယွင်းမှတ်တမ်းတင်ခဲ့ကြပေသည်။

နာဂသမန်းနှင့် နာရပတိစည်သူ၏ သမီးတော် နှစ်ဦးစလုံး နန်းတွင်း၌ သိုသိုသိပ်သိပ် နေသွားကြဟန် တူ၏။ သူတို့အကြောင်း အထွေအထူး မှတ်တမ်းမရှိခြင်းကြောင့် သမိုင်းဆရာများက သူတို့တွင် သားသမီးရတနာ မရှိဟု ရေးသားခဲ့ကြပါသည်။

သတင်းစာဆရာ ဦးသိမ်းမောင်ကို ယနေ့ခေတ် လူငယ်အများစုက သိရှိကြမည် မဟုတ်ပေ။ ဆရာကြီးသည် သမိုင်းပညာရှင် မဟုတ်သော်လည်း ၁၉၄၂ ခုနှစ်ခန့်မှစ၍ မြန်မာ့သမိုင်းစာတမ်းများ၊ သမိုင်းနောက်ခံဝတ္ထုများကို ရေးသားခဲ့သူ ဖြစ်ပါသည်။ ဆရာကြီးက တောင်ငူ ဟံသာဝတီမင်းဆက်ကို စတင်တည်ထောင်သူများမှာ မနူဟာမင်း၏ အနွယ်တော်များဖြစ်ကြောင်း ရှေးဟောင်း တောင်ငူရာဇဝင်ကို ကိုးကားလျက် ပြန်လည်ဖော်ထုတ်ပေးခဲ့ပါသည်။

ဦးကုလားရာဇဝင် ရေးစဉ်က ကိုးကားခဲ့သော တောင်ငူရာဇဝင်ကို အရှင်ဉာဏသည်းခံကြီးက ရေးသားပြုစုခဲ့ပါသည်။ ဦးကုလားရာဇဝင်တွင်

mgyoe.com